# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်    ၂၀၁၅ ခုနှစ်၊ မေ ၁၂ ရက်၊ အင်္ဂါနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၁၉]


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

**ယနေ့ မာတိကာ**

## စာနယ်ဇင်းလွတ်လပ်ခွင့်ရှိမှ ဒီမိုကရေစီရှင်သန်နိုင်ပါတယ်

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၅

## စစ်မှန်တဲ့အောင်မြင်မှု

ဆောင်းပါး စာမျက်နှာ » ၆

## နီပေါငလျင်ကြောင့် ဧဝရက်တောင်တက်လမ်းကြောင်း တရုတ်ဘက်မှတက်ရန် တောင်တက်သမားများစဉ်းစားနေ

စာမျက်နှာ » ၁၂

# စက်မှု၊ စွမ်းအင်စသည့် ကဏ္ဍစုံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်း၊ စာမျက်နှာ-၃ (သတင်းစဉ်)

# ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်မှု ရာနှုန်းပြည့်ပြီးစီး၊ မုတ်သုံဝင်ပြီး နှစ်ပတ်အတွင်း မြစ်ပိတ်တမံများ ပြန်လည်ဖွင့်လှစ်မည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

**ရန်ကုန်  မေ  ၁၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)က တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်သည့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်မှုမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီ မုတ်သုံဝင်ပြီး နှစ်ပတ်အတွင်း မြစ်ပိတ်တမံများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)အဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ ဒီပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်တဲ့လုပ်ငန်းက ခုဆိုရင် ရာနှုန်းပြည့်နီးပါးပြီးစီးနေပါပြီ။ မကြာမီ မုတ်သုံဝင်ပြီးနှစ်ပတ်အတွင်းမှာ မြစ်ပိတ်တမံတွေကိုပြန်လည်ဖွင့်လှစ်ပေးမှာဖြစ်တယ်။ ဘာကြောင့် မုတ်သုံဝင်ပြီး နှစ်ပတ်ကြာမှ ဖွင့်မှာလဲဆိုတော့ ခုချိန်ဖွင့်လိုက်ရင် ဒီရေကပြန်တက်မယ်၊ ဒါကြောင့်မုတ်သုံဝင်ပြီး နှစ်ပတ်လောက်ကြာတဲ့အခါ မိုးရေကများလာမှာ ဖြစ်တယ်။ အဲဒီအခါမှ ကွင်းထဲကနေစီးဝင်လာပြီး နုန်းတွေကိုတွန်းထုတ်မှာ ဖြစ်တယ်။ အဲဒီလိုရေစီးအားကောင်းလာတဲ့အခါမှ ဖွင့်လိုက်ရင်ပိုပြီးအဆင်ပြေမှာ။ ဖွင့်တာကတော့ ခုလည်းဖွင့်လို့ရတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻


ဝင်ကြေးအခမဲ့
Entrance Free
Hotel Novotel Yangon Max
"ဂျပန် ပစ္စည်းတွေကို သုံးစွဲ ပြီး အလှဆုံးဖြစ်ပို့ရည်ရွယ်တယ်!!"
Wanna Be All-Time Gorgeous Woman
Wanna Experience Japanese Technology
မြန်မာအမျိုးသမီးအားလုံးကိုကြိုဆိုပါသည်။
Every Myanmar Girls are Welcome!
Gorgeous Japan 2015
5/15 Fri 12:00~ (Open 11:30~
5/16 sat 10:00~ (Open 9:30~
အလှကုန်နမူနာလက်ခံရရှိသည်။
အထူး Stage
・Miwonderful's magical make-up show
・2015YumiKatsuraSummerCollection in Myanmar
・Dance unit PrizmaX Shwe stage 2015
တက်ရောက်ခြင်း
■CANMAKE / ■Panasonic / ■KOSE CORPORATION
■Kracie Holdings / ■Mandom Corporation
etc.
www.facebook.com/GorgeousJapan

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အမျိုးသားပြန်လည်သင့်မြတ်ရေးပိုမိုခိုင်မာ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် နှစ်ပေါင်း ၆၀ ကျော်အတွင်း မကြုံစဖူး တိုးတက်ပြောင်းလဲမှုများ ရရှိလျက်ရှိပါသည်။ လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ ငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးတက်လျက်ရှိပါသည်။ အထူးသဖြင့် အစိုးရနှင့်ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား အမျိုးသားပြန်လည်သင့်မြတ်မှုမှာ ပိုမိုခိုင်မာလာလျက်ရှိပါသည်။

ပဋိပက္ခတစ်ရပ်ရပ်တွင် အကြမ်းဖက်မှုကိုရှောင်ရှားပြီး ငြိမ်းချမ်းစွာဆွေးနွေးခြင်းဖြင့် ပြေလည်အောင်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများသည် တစ်နည်းအားဖြင့်ဆိုလျှင် ထိခိုက်နစ်နာမှုမရှိဘဲ သံတမန်နည်းလမ်းသုံး၍ ဖြေရှင်းမှုပင်ဖြစ်ပါသည်။ ကမ္ဘာ့အရပ်ရပ်ဖြစ်ပွားနေသော စစ်ပွဲများ၊ ပဋိပက္ခများဖြေရှင်းရာတွင် ဤနည်းလမ်းကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း ပဋိပက္ခများကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်မှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါသည်။

ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် မေလ ၉ ရက်နေ့တွင် ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ ဤဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီ (၆၄) ပါတီမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခုနစ်ခုမှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်များနှင့်လေ့လာသူများ စုစုပေါင်း ၁၅၂ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ဤဆွေးနွေးပွဲတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမစခင် အမြန်ဆုံး စတင်ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲအလွန်တွင်လည်း ဆက်လက်ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တက်ရောက်လာသူအားလုံးက သဘောတူညီခဲ့ကြပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး (Deed of Commitment)တွင် ပါရှိသည့် ကတိကဝတ်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စတင်နိုင်ရေးလိုအပ်သော ကြိုတင်ပြင်ဆင်မှုများကိုလုပ်ဆောင်နိုင်ရန် အဖွဲ့အစည်းစုံမှပါဝင်သော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းရန်လည်း ဤအစည်းအဝေးတက်ရောက်လာသူများက မူအားဖြင့် သဘောတူခဲ့ကြပါသည်။

သို့ပါ၍ အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများသည် ပိုမိုခိုင်မာလာပြီဖြစ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်မှုခိုင်မာလာသည်နှင့် နိုင်ငံတော်အတွင်း ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းစသော တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များ တိုးပွားရှင်သန်ဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း။ ။

## တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းဖွင့်



**ဘားအံ မေ ၁၁**

ကရင်ပြည်နယ် တရားလွှတ်တော်ကကြီးမှူးကျင်းပသည့် တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး မွမ်းမံ သင်တန်းအမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက်က ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိ ၁၁ ဦး၊ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ညီညီ**

## မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာအောင်ဆုများချီးမြှင့်





**ရန်ကုန် မေ ၁၁**

(YMBA- Young Men's Buddhist Association) ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းချုပ်တည်ထောင်ခြင်း ၁၀၉ နှစ်ပြည့်သည့် မေ ၁၀ ရက်တွင် (၆၆)ကြိမ်မြောက် ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်က ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ YMBA အသင်းချုပ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ (၆၆)ကြိမ်မြောက် ဗုဒ္ဓဝင်နှင့်မင်္ဂလာစာမေးပွဲကို ယမန်နှစ် နိုဝင်ဘာလကုန်က မြန်မာနိုင်ငံတစ်ဝန်းရှိ စာဖြေဌာနကျောင်းပေါင်း ၁၂၀၀ ၌ကျင်းပခဲ့ရာ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်တို့၌ စုစုပေါင်းဖြေဆိုသူ ၁၁၉၄၇၂ ဦး ရှိသည့်အနက် ၁၁၈၈၈၁ ဦး အောင်မြင်ခဲ့ကြောင်း၊ ယင်းတို့အနက် မင်္ဂလာထူးချွန်ဆုရရှိသူ ၁၈၀ ကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

YMBA အသင်းကြီးကို ၁၉၀၆ ခုနှစ် မေ ၁၀ ရက်တွင် ဦးဘဘော၊ ဦးမောင်ကြီး၊ ဦးဘရင်လူငယ်သုံးဦးတို့က အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသော ရည်မှန်းချက်များဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ မြန်မာ့လွတ်လပ်ရေးရရှိပြီးနောက် ပါတီနိုင်ငံရေး လုံးဝမပြုလုပ်တော့ဘဲ ဘာသာရေးလုပ်ငန်းများကိုသာ သင်ကြားဆောင်ရွက်ခဲ့ကြောင်းနှင့် နိုင်ငံအနှံ့အသင်းခွဲပေါင်း ၄၀ ကျော် ဖွဲ့စည်းထားကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ-မွန်းဦးနဒီ**




## တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး တရားရုံးနှင့်အချုပ်ခန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေးသည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီးနှင့်အတူ မေ ၁၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ လှိုင်သာယာမြို့နယ် တရားရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ တရားရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တရားလွှတ်တော်တရားသူကြီး ဦးလှအေးသည် လှိုင်သာယာမြို့မ ရဲတပ်ဖွဲ့အချုပ်စခန်းသို့သွားရောက်၍ အချုပ်သား၊ အချုပ်သူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစသည့် ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ယဉ်ကျေးလိမ္မာသင်တန်း ဆုပေးပွဲကျင်းပ

**ဖန်းမော် မေ ၁၁**

ကချင်ပြည်နယ် ဗန်းမော်မြို့ မျိုးဆက်သစ်ရတနာ ယဉ်ကျေးလိမ္မာစာအောင် ဆုနှင်းသဘင်ပွဲ အခမ်းအနားကို မေ ၁၀ ရက်က ခိုကျင်ကျေးရွာ ခေမာရာမကျောင်းတိုက်၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ယဉ်ကျေးမှုသင်တန်းအဆင့်အလိုက် စာအောင်သူများ၊ ထူးချွန်ဆုရသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀-၁၁၁၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၀-၁၂၅၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၅-၈၃၅ |
| ထိုင်း | တစ်ဘတ် | ၃၄-၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၈-၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၅-၁၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၈ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၇၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၆၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၂၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၂၀၀-၆၅၀၀ |
| သကြား | တစ်ပိဿာ | ၁၀၂၀-၁၀၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇော့တင်ပြသည်။

# မဲခေါင်မြစ်ကူးတံတားဖွင့်လှစ်နိုင်သည့်အတွက် မြန်မာ-လာအို-ဗီယက်နမ် စင်္ကြံလမ်းမကြီးအဖြစ် သွားလာနိုင်မည်



**နေပြည်တော် မေ ၁၁**

မြန်မာ-လာအို နယ်စပ်ပါလျှိုး- ကျိုင်းလပ်ဒေသဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေး အဆင့်မြင့် လယ်ယာမြေဧက ၅၀၀ အစည်းအဝေးခန်းမဒ္ဒကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဆွေးနွေး မှာကြားသည်။ **(အပေါ်ပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက ယနေ့အစည်းအဝေးမှာ မေ ၉ ရက်က ဖွင့်လှစ်သည့် မြန်မာ-လာအို မဲခေါင်မြစ်ကူးတံတားကို အခြေခံပြီး နောင်ဖြစ်ပေါ်တိုးတက်လာမည့် အခြေအနေများကို မျှော်မှန်း၍ တာချီလိတ်မြို့နယ် ပါလျှိုး-ကျိုင်းလပ် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ပါကြောင်း။

မြန်မာ-လာအို မဲခေါင်မြစ်ကူးတံတား ဖွင့်လှစ်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံမှတစ်ဆင့် လာအိုနိုင်ငံ အနောက်မြောက်ပိုင်းမှ ဗီယက်နမ်နိုင်ငံအထိ မြန်မာ-လာအို-ဗီယက်နမ် အရှေ့၊ အနောက်စင်္ကြံလမ်းမကြီး တစ်ခုအဖြစ် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ဤလမ်းမကြီးကို အသုံးပြုပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်မှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာရေးလုပ်ငန်းများ အနာဂတ်တွင် မလွဲမသွေဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

ထိုအခြေအနေများကို တွက်ဆပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကတည်းက စနစ်တကျ ကြိုတင်ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုတံတားနှင့် အနီးဆုံးဖြစ်သည့် ကျိုင်းလပ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (Town Plan) ကို အမြန်ဆုံး ရေးဆွဲသွားရန်လိုအပ်ပါကြောင်း။

မြို့ပြစီမံကိန်းရေးဆွဲရာတွင် မြို့တိုးချဲ့ရမည့်နေရာကို လယ်ယာမြေများနှင့် စိုက်ပျိုးမြေများ ထိခိုက်မှုမရှိအောင် အလေးထား ရေးဆွဲသွားရန် လိုအပ်ပါကြောင်း၊ ကုန်စည်စစ်ဆေးရေးစခန်း၊ တည်းခိုခန်းနှင့် နားနေဆောင်များ ထည့်သွင်းရေးဆွဲရန်နှင့် နောင်တစ်ချိန်တွင် ဟိုတယ်ကြီးများအထိ မျှော်မှန်းပြီးလျာထားရေးဆွဲရန် လိုအပ်ပါကြောင်း။

ထို့အတူ စာသင်ကျောင်းများ၊ ဈေးများ၊ ဆေးရုံနှင့် ဆေးခန်းများ၊ တယ်လီဖုန်း ဆက်သွယ်ရေးစနစ်များကိုလည်း ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကျိုင်းတုံ- တာချီလိတ်ကားလမ်းအား တာလေမှတစ်ဆင့် မဲခေါင်မြစ်ကူးတံတားသို့ ဆက်သွယ်သည့်လမ်းကို ယခုထက်ပိုမို ကောင်းမွန်အောင် အဆင့်မြှင့်တင်ဖောက်လုပ်ရန်နှင့် နောင်တိုးတက်လာမည့် ခရီးသွားလုပ်ငန်းများကို မျှော်မှန်းပြီး လက်ရှိ လေယာဉ်ကွင်းဟောင်းကို ပထမအဆင့် လေယာဉ်ငယ်ဆင်းသက်နိုင်အောင် ပြန်လည်ပြုပြင်ရေးကိုပါ ရေးဆွဲရန် လိုအပ်ပါကြောင်း၊ အလားတူ မဲခေါင်မြစ်ကူးတံတား၏ အထက်ပိုင်းနှင့်အောက်ပိုင်းတွင် သင်္ဘောဆိပ်များတည်ဆောက်ရေးထည့်သွင်း စဉ်းစားရေးဆွဲရန် လိုအပ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ရရှိမှုသည် များစွာအရေးကြီးသည့်အတွက် လျှပ်စစ်ဓာတ်အားရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ပထမဦးစွာ ယာယီလျှပ်ဓာတ်အား ရရှိနိုင်မည့် အစီအမံများကို ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ဒေသတစ်ခုဖွံ့ဖြိုးလာသည်နှင့်အမျှ စားသုံးမှုများလည်း များပြားလာမည်ဖြစ်ရာ စားသောက်ရေးအတွက် ဆန်စပါးစိုက်ပျိုးရေးနှင့် မွေးမြူရေးကို တိုးချဲ့ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဆန်စပါးကို တစ်သီးမှ နှစ်သီးစိုက်ပျိုးနိုင်ရန်၊ ရေရရှိရေးအတွက် ဆည်အသေးများ တည်ဆောက်နိုင်ရန်၊ အဆိုပါဆည်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရေး ဆည်တည်ဆောက်မည့် မြေနေရာ ရှာဖွေပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ ဒေသစည်ကားလာသည်နှင့်အမျှ လုံခြုံရေးသည်လည်း အရေးကြီးသဖြင့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းတွင် လုံခြုံရေးကိစ္စကို အထူးအလေးထား၍ ထည့်သွင်းရေးဆွဲကြစေလိုပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်တွင် ပါဝင်သင့်၊ ပါဝင်ထိုက်သည့် ဝန်ကြီးဌာနများ ပူးပေါင်း၍ ကော်မတီတစ်ရပ်ဖွဲ့စည်းကာ တစ်နှစ်အတွင်း ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

---

*※ ရှေ့ဖုံးမှ*

ဒီလိုပြဿနာလေးတွေကြောင့် မဖွင့်သေးတာ"ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး)မှ ဦးကံချွန် (လက်ထောက်ညွှန်ကြားရေးမှူး)က ပြောသည်။

ပန်းလှိုင်မြစ်သည် လှိုင်မြစ်ဝနှင့် ဆက်စပ်နေခြင်းကြောင့် ပြန်လည်တူးဖော်ရာတွင် ဒီရေအတက်အကျ ထိန်းသိမ်းနိုင်စေရန် မြစ်ပိတ်တမံ သုံးခုကို တည်ဆောက်ခဲ့ရသည်။ မြစ်ပိတ်တမံတည်ဆောက်ခြင်းသည် ဒီရေအတက်အကျကိုထိန်းသိမ်းနိုင်ပြီး လှိုင်မြစ်ဝမှဝင်လာသည့် နွံ့ရာသီရေငန်စီးဝင်မှုနှင့်မြေနုန်းတင်ပို့ချမှုတွေကိုလည်း ကာကွယ်နိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဆည်မြောင်းဦးစီးဌာနမှ ကြီးကြပ်၍ ပန်းလှိုင်မြစ်ကို ပြန်လည်တူးဖော်စဉ်။ (ဓာတ်ပုံ- မိုးမခ)

ပန်းလှိုင်မြစ်ကြောင်း တစ်လျှောက်ပတ်ဝန်းကျင်နေပြည်သူများ တိမ်ကောနေပြီဖြစ်သော ပန်းလှိုင်မြစ်ကြောင့် ယခင်နှစ်များကရေကြီး ရေလျှံမှုပြဿနာများ မကြာခဏ ကြုံတွေ့ခံစားခဲ့ရသည်။ ထိုပန်းလှိုင်မြစ်ရေကြီးရေလျှံမှုကြောင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုက အဘက်ဘက်မှ နောက်ကျခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ဆည်မြောင်းဦးစီးဌာန(ရန်ကုန်၊ ထိန်းသိမ်းရေး) တည်ဆောက်ရေး (၁)နှင့်(၉)တို့က ဦးဆောင်ကြီးကြပ်ကာ ပြင်ပကုမ္ပဏီခုနစ်ခုဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာပန်းလှိုင်မြစ်ပြန်လည်တူးဖော်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပန်းလှိုင်မြစ်ပြန်လည်တူးဖော်ရေးအတွက်နိုင်ငံတော်က မြန်မာငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံအကုန်အကျခံခဲ့ခြင်းသည်။

ပန်းလှိုင်မြစ် ပြန်လည်တူးဖော်ခြင်းကြောင့် ယခင်မိုးတွင်းကာလများတွင် ရေကြီး ရေလျှံနစ်မြုပ်မှုကြုံတွေ့နေရသည့် ပန်းလှိုင်မြစ်ကြောင်းဘေးပတ်ဝန်းကျင်ရှိ တက်သစ်ကျွန်းနှင့် ရွှေမယင်းကွင်းတို့မှ ရေကြီးရေလျှံမှုများ ကင်းဝေးသွားမည်ဖြစ်သည်။ ထို့အပြင် သဘာဝမြစ်ချောင်းများနှင့် ကျေးရွာများထဲမှ ပန်းလှိုင်မြစ်ထဲသို့စီးဝင်ကာ ရေငန်စီးဝင်မှုနှင့် နုန်းတင်မှုတို့ကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ပန်းလှိုင်မြစ်သည် အရှည် ၃၄ ဒသမ ၄ မိုင်ရှည်ပြီး အကျယ်ဆုံးလှိုင်မြစ်ဝအနီးအနားသည် ပေ ၁၂၅၀ ရှိပြီး အကျဉ်းဆုံးနေရာမှာ ပေ ၂၀၀ ဝန်းကျင်သာရှိမည် ဖြစ်သည်။ အဆိုပါပန်းလှိုင်မြစ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၃၉ ရွာနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အုပ်စုလေးအုပ်စု နေပြည်သူတို့က လယ်ဧကတစ်သိန်းကျော်ကို နှစ်စဉ်အမှီသဟဲပြုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ၂၁ ရာစု၏ ရေကြောင်းပိုးလမ်းမကြီးတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အလားအလာများဆွေးနွေး

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာယန်ကျင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဇေယျာအောင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ယန်ဟိုလန်လည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မြဲစေရေး၊ စက်မှု၊ စွမ်းအင်စသည့် ကဏ္ဍစုံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ၂၁ ရာစု၏ ရေကြောင်းပိုးလမ်းမကြီးတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) တွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

◆ ***ကျောဖုံးမှ***

အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဆေးရုံအုပ်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေများကို လုပ်ငန်းတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအမံများနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဆေးရုံဝန်ထမ်းများ၏ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ပုသိမ်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှု ခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်စက်မှုဇုန်ရှိ Hakers Enterprise (Myanmar) ကုမ္ပဏီလီမိတက်အထည်ချုပ်စက်ရုံသို့ရောက်ရှိကြပြီး စက်ရုံအတွင်း အဝတ်အထည်များ ချုပ်လုပ်နေမှု၊ ဒီဇိုင်းပုံဖော်ဖြတ်တောက်နေမှုနှင့် ကုန်ချောထုပ်ပိုး ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ စက်ရုံမန်နေဂျာ ဒေါ်ငွေးမေက လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ Hakers အထည်ချုပ်စက်ရုံကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်လည်ပတ်ခဲ့ပြီး ဝန်ထမ်းအင်အား ၂၀၀၀ ခန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ယင်းစက်ရုံမှ ထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ဥရောပနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်စက်မှုဇုန်ရှိ Delta Industrial Group ကုမ္ပဏီလီမိတက် အထည်ချုပ်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအစည်းအဝေးခန်းမ၌ ပုသိမ်မြို့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာရှင်းလင်းခြင်း အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ပုသိမ်မြို့ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုသိမ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ Mya Bay H & CO Platinum Pathein ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးမျိုးမင်းဝင်းက Platinum Pathein အိမ်ရာစီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဧရာဝတီဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစည်သူစိုးက ပုသိမ်ဆိပ်ကမ်းနှင့် စက်မှုမြို့တော်စီမံကိန်းအားလည်းကောင်း၊ Delta Industrial Group ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မင်းလတ်က အထည်ချုပ်စက်ရုံစီမံကိန်းနှင့် မြကျွန်းသာအိမ်ရာစီမံကိန်းအားလည်းကောင်း ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို စီမံကိန်းပုံစံငယ်များ၊ Video Clip File များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှစ်ရှည်စီမံကိန်းများဖြစ်သဖြင့် ဒေသတစ်ခုအတွင်းဖွံ့ဖြိုးရေးအတွက် များစွာ အားရဖွယ်ရာကောင်းပါကြောင်း၊ ပထမဦးစွာ အခြေခံအဆောက်အအုံများ ဖြစ်သည့်လမ်း၊ တံတားနှင့် ဆက်သွယ်ရေးကဏ္ဍများ တိုးတက်ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ပုသိမ်ဒေသအတွက် နှစ်ရှည်စီမံကိန်းလိုအပ်သကဲ့သို့ နှစ်တိုစီမံကိန်းများကိုလည်း ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်စေမည့် ခရီးသွားလုပ်ငန်းကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်း၊ ပုသိမ်မြို့၏ အားသာချက်ဖြစ်သော ကမ်းခြေများကို အခြေခံ၍ ဆောင်ရွက်သွားသင့်ပါကြောင်း၊ ထို့ပြင် ဒေသတွင်းထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးနည်းလမ်းရှာ ဆောင်ရွက်သွားသင့်ပါကြောင်း၊ ယခုတင်ပြခဲ့ကြသည့် နှစ်ရှည်စီမံကိန်းများကိုလည်း အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုပါကပုသိမ်မြို့သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# နာဂဒေသတွင် ရေအားလျှပ်စစ်မှ ဓာတ်အားရရှိရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ခန္တီးမြို့နှင့် ဝန်းကျင်ဒေသများ အသေးစားရေအားဖြင့် ဓာတ်အားထုတ်လုပ်ပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးသည် မေ ၈ ရက်က ခန္တီးမြို့၏ မြောက်ဘက် ၁၁ မိုင်ခန့်အကွာ နမ့်ပုတ်ချောင်းအား အသုံးပြု၍အသေးစားရေအား လျှပ်စစ်ထုတ်လုပ်နိုင်ရေး စူးစမ်းတိုင်းတာနေမှုများကို လေ့လာကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မေ ၉ ရက်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးဥက္ကဋ္ဌ ဦးရူစံကြူးနှင့် အဖွဲ့ဝင်များနှင့်အတူ အနောက်ဘက်ခြမ်းမှ ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သည့် နမ့်ပုတ်ချောင်း၏ လက်တက်များဖြစ်သော နန့်စလိန်ချောင်း၊ ဟုန်းညှိချောင်းများတစ်လျှောက် အသေးစားရေအားလျှပ်စစ်ဖြစ်မြောက်နိုင်မည့် နေရာများသို့ ကွင်းဆင်းလေ့လာမှုလုပ်ငန်းများအရ ခန္တီးမြို့၏ အနောက်မြောက်ဘက် ၂၅ မိုင်ခန့်အကွာ ဟွေကွန်ရွာအနီး ဟုန်းညှိချောင်းပေါ်တွင် မဂ္ဂါဝပ်အဆင့်ထိ ထွက်ရှိမည့် အသေးစား ရေအားလျှပ်စစ်အဆင့်လိုက်ဆောင်ရွက်နိုင်မည့် အခြေအနေကို လေ့လာတွေ့ရှိကြသည်။

အဆိုပါ ဟုန်းညှိချောင်းနှင့် နန့်စလိန်ချောင်းနှစ်ချောင်းကို အသုံးပြု၍ Run-off-River စနစ်ဖြင့် အဆင့်လိုက်ဓာတ်အား ထုတ်လုပ်ပါက အနီးပတ်ဝန်းကျင်ရှိ လဟယ်မြို့နယ်အတွင်းမှ ထန်ပါခွေမြို့နယ်ခွဲနှင့် ကျေးရွာများကိုလည်းကောင်း၊ ခန္တီးမြို့အတွက်လည်းကောင်း ဓာတ်အားလုံလောက်စွာ ရရှိစေမည့်အခြေအနေထိ အရင်းအမြစ်လုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရသည်။

ဆက်လက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှ ဟွေကွန်ရွာနှင့် လန်ခင်ရွာများမှ ဒေသခံနာဂတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျေးရွာပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးကိစ္စများ တွေ့ဆုံမေးမြန်း၍ အလှူငွေများပေးအပ်ပြီး ဒေသဖွံ့ဖြိုးရေးဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းသည်။

နာဂဒေသ၊ လဟယ်မြို့နယ်အတွင်းမှ ကျေးရွာများနှင့် ခန္တီးမြို့နှင့် ဝန်းကျင်ဒေသများ လျှပ်စစ်ဓာတ်အားလုံလောက်အောင် ရရှိရေးအတွက် အသေးစိတ်ပုံထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာသိကောင်းစရာများရှင်းလင်း

**ဘီးလင်း မေ ၁၁**

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု အခွန်အကောက် ဥပဒေနှင့်အခွန်ဆိုင်ရာ သိကောင်းစရာများရှင်းလင်းပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဒေါ်အေးစွမ်က ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်နေ့ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည့်ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

**အေးမျိုးမျိုးစံ (iprd)**

# စာနယ်ဇင်းလွတ်လပ်ခွင့်ရှိမှ ဒီမိုကရေစီရှင်သန်နိုင်ပါတယ်

တွေ့ဆုံမေးမြန်း
ခင်မောင်ထွေး

## ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုပေးပွဲ နိုင်ငံတကာ ဂျူရီ(ဆုအကဲဖြတ်)အဖွဲ့ဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် တွေ့ဆုံခြင်း

**မေလ ၃ ရက် ညနေပိုင်းက ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် UNESCO/Guillermo Cano ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့် ဆုပေးပွဲကို လတ်ဗီးယားနိုင်ငံ ရီဂါမြို့၌ ကျင်းပခဲ့ရာ ၂၀၁၅ ခုနှစ် နိုင်ငံတကာဂျူရီ (ဆုအကဲဖြတ်)အဖွဲ့ ဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) တက်ရောက်ခဲ့သည့် သတင်းကို သတင်းစာများတွင် ဖတ်ရှုခဲ့ရသည်။**



နိုင်ငံတကာဂျူရီ (ဆုအကဲဖြတ်)အဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)

သို့ဖြစ်၍ ၁၉၈၆ ခုနှစ်က မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်များအကြောင်းကို စုံစမ်းထောက်လှမ်းသတင်းများရေးသားခဲ့၍ လုပ်ကြံခြင်းခံခဲ့ရသူ ကိုလံဘီယာ ဂျာနယ်လစ် ဂွယ်လာမိုကာနိုကို ဂုဏ်ပြုသောအားဖြင့် ပေးအပ်ချီးမြှင့်ခဲ့သော ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆုပေးပွဲ အတွေ့အကြုံများ၊ မြန်မာ့စာနယ်ဇင်းလွတ်လပ်ခွင့်ပိုမိုတိုးတက်စေရေးအတွက် အကြံပြုချက်များ၊ လွတ်လပ်ပြီး အရည်အသွေးပြည့်ဝသည့် ပရော်ဖက်ရှင်နယ်ပီသသော မီဒီယာများပိုမိုဖြစ်တည်လာရေးအတွက် သုံးသပ်အကြံပြုချက်များနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် နိုင်ငံတကာဂျူရီ (ဆုအကဲဖြတ်)အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ မြန်မာသတင်းစာဆရာ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ***(ယမန်နေ့မှ အဆက်)***

**မေး။ ။ တစ်ဖက်မှာလည်း လွတ်လပ်ပြီး အရည်အသွေးပြည့်ဝတဲ့ ပရော်ဖက်ရှင်နယ်ပီသတဲ့ မီဒီယာတွေ ပိုမိုဖြစ်တည်လာဖို့ ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။ ဘယ်လိုအကြံပြုချင်ပါသလဲ။**

ဖြေ။ ။ ဒါလည်း ကျွန်တော် ခုနကပြောတဲ့ ပညာရေးချိန်နဲ့ဆိုင်ပါတယ်။ အစိုးရကဖွင့်တဲ့ သတင်းစာအတတ်ပညာ B.A(Journalism) သင်တန်းက ကလေးတွေကို ကျွန်တော်လည်း သင်နေတော့ ကျောင်းပြီးသွားရင် ဘာလုပ်မလဲလို့ မေးတဲ့အခါမှာ သတင်းစာတိုက်တို့ ဂျာနယ်တို့မှာ လုပ်ချင်တဲ့သူတွေထက် အတော်များများက ရုပ်သံအစီအစဉ်တင်ဆက်သူ လုပ်ချင်သူတွေက ပိုများတယ်။ အတော်များများက တခြားအလုပ်ပြောင်းလုပ်မယ်၊ ဘွဲ့တစ်ခုခုရရင်ပြီးရောဆိုတဲ့သူတွေလည်း ရှိပါတယ်။ ဆိုလိုချင်တာက အဲဒီကျောင်းက လူတွေ ၁၀၀ မွေးထုတ်ပေးပေမယ့် အဲဒီ ၁၀၀ လုံးက ကျွန်တော်တို့ လုပ်ငန်းခွင်ထဲကို ၁၀ ရာခိုင်နှုန်းတောင် ရောက်မလာဘူး။

ကျွန်တော် ဒီနေရာမှာ အကြံပြုချင်တာက တက္ကသိုလ်ပညာရေးစနစ် ပြောင်းလဲနေတဲ့အချိန်မှာ သတင်းစာအတတ်ပညာ B.A (Journalism) သင်တန်းကို ရွေးချယ်ရင် အမှတ်နဲ့ ရွေးချယ်တာမဟုတ်ဘဲ စိတ်ဆန္ဒနဲ့ သူ့ရဲ့ဝါသနာနဲ့စိတ်ဆုံးဖြတ်မှုနဲ့ရွေးချယ်စေချင်ပါတယ်။ အခုက အမှတ်နဲ့ရွေးချယ်တော့ ငါ အမှတ် ၄၀၀ ရရင် မီတယ်ဆိုပြီး အကုန်လုံးသွားကုန်ကြပြီ။ အမှတ် ၄၀၀ မရဘဲ အမှတ် ၃၈၀ ရတဲ့သူတွေထဲမှာ သတင်းထောက်ဖြစ်ချင်တဲ့သူတွေ ပါကောင်းပါသွားနိုင်တယ်။ ကျွန်တော်မြင်တာကတော့ သတင်းစာအတတ်ပညာဟာ စွန့်လွှတ်အနစ်နာခံမှုနဲ့ ဝါသနာကို အရင်းခံပြီး လုပ်ရတဲ့ အတတ်ပညာတစ်ခုဖြစ်ပါတယ်။

ဝါသနာနဲ့ ရည်ရွယ်ချက်ကြီးကြီးမားမားရှိတဲ့သူတွေသာလုပ်တာဖြစ်တာကြောင့် နှစ်တိုင်း နှစ်တိုင်း B.A(Journalism) သင်တန်းများရွေးချယ်ရာမှာ အမှတ်ထက် ကျွန်တော်တို့က နှုတ်ဖြေအင်တာဗျူးခေါ်ပြီး အင်တာဗျူးအမှတ်လေးတွေနဲ့ ဒီကလေးတွေက သတင်းစာပညာကို ဘယ်လိုစိတ်ဝင်စားတယ်ဆိုတာမျိုး ရွေးချယ်စေချင်တယ်။ အဲဒီအခါမှာ လူ ၁၀၀ လုံးလုံး ပါရင် ၇၀ လောက် ကျွန်တော်တို့ လုပ်ငန်းခွင်ထဲ ရောက်လာမယ်။ အခု ၁၀၀ မှာ ၁၀ ယောက်လောက်ပဲရောက်တယ်။

နောက်ပြီး ကျွန်တော့်တို့ဆီမှာ နိုင်ငံတကာအဖွဲ့အစည်းတွေကလာပြီး သင်တန်းတွေပေးတယ်။ ဘာမှမရှိတာထက်စာရင် ရှိတာကောင်းတာပေါ့။ ဒါပေမယ့် ကျွန်တော့်အတွေ့အကြုံအရ ဒီအဖွဲ့အစည်းတွေက ဒီမိုကရေစီ တံခါးဖွင့်လိုက်တဲ့အခါမှာ ဒလဟောလာကြတယ်။ ရှေ့မှာ သီရိလင်္ကာတို့၊ ဖိလစ်ပိုင်တို့ သူတို့ ဒီလိုပဲ သွားခဲ့တယ်။ နောက်ထပ် ဒီမိုကရေစီတံခါးဖွင့်တဲ့ နိုင်ငံရောက်ရင် အဲဒီနိုင်ငံတွေကို ဒီလိုပဲထားခဲ့ကြတယ်။ ဆိုလိုချင်တာက ကိုယ့်နိုင်ငံရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ ကိုယ့်နိုင်ငံကပဲ လုပ်ရမယ်။ ရေရှည်တော့ ကိုယ့်နိုင်ငံကပဲ လုပ်ရမယ်။ ကျွန်တော်တို့ နိုင်ငံတကာအဖွဲ့အစည်းကို ပစ်ပယ်တာ မဟုတ်ပါဘူး။ ရေတိုတော့ရမယ်။ တစ်သက်လုံးတော့ မရဘူး။

နောက်ပြီး ကျွန်တော်တို့နိုင်ငံမှာ သင်တန်းတွေပေးတာက အခြေခံတွေပဲများတယ်။ တကယ်တမ်းပေးသင့်တဲ့ သင်တန်းက အယ်ဒီတာသင်တန်း ဖြစ်ပါတယ်။ အယ်ဒီတာတစ်ယောက်ဟာ အဖွဲ့အစည်းတစ်ခုမှာ အရည်အသွေးစစ်ဆေးတဲ့သူနဲ့တူပါတယ်။ သူ့ဆီက ဖြတ်သန်းရတယ်။ သတင်းထောက်တစ်ယောက်ရေးတဲ့ သတင်းတစ်ခုက ဘယ်လိုနည်းနဲ့မှ ပုံနှိပ်စက်ဆီ တန်းမရောက်ပါဘူး။ အယ်ဒီတာစားပွဲတွေ ဖြတ်သန်းပြီးတော့မှ ပုံနှိပ်စက်ဆီရောက်ပါတယ်။

အဲဒီတော့ အယ်ဒီတာတွေရဲ့ အရည်အချင်း၊ တွေးခေါ်မှု၊ ဆင်ခြင်တုံတရား၊ နောက်တစ်ခါ သူ့ရဲ့ဘယ်လောက်ထိ ဆည်းပူးလေ့လာထားတယ်ဆိုတဲ့ ဗဟုသုတအပိုင်း၊ သတင်းတစ်ခုကို အကဲဖြတ်တဲ့အခါ ဒါတွေဟာ အများကြီး အရေးကြီးပါတယ်။ ဥပမာအားဖြင့် ကျင့်ဝတ်နဲ့ မညီညွတ်တဲ့ သတင်းအရေးအသားတွေ တွေ့နေရတယ်ဆိုပြီး ပြောကြဆိုကြတယ်။ ကျွန်တော်ကတော့သတင်းထောက်တွေကို အပြစ်မပြောပါဘူး။ သတင်းထောက်တစ်ယောက်ရဲ့ ကျင့်ဝတ်နဲ့မညီတဲ့ သတင်းတစ်ခုကို ကျင့်ဝတ်နဲ့ညီအောင် ပြုပြင်ပြောင်းလဲရေးသားဖို့ အယ်ဒီတာက လုပ်လို့ ရပါတယ်။ မညီတဲ့သတင်းကို နောက်ဆုံးမှာလုံးဝသုံးမရဘူးဆိုရင် ပယ်ခွင့်ရှိတယ်။ ဒီသတင်းက အန္တရာယ်ရှိနိုင်တယ်ဆိုတဲ့ဟာကို အယ်ဒီတာတစ်ယောက်က သိရင် ကာကွယ်ပေးလို့ရတယ်၊ အယ်ဒီတာညံ့ရင်ညံ့တဲ့ အယ်ဒီတာအောက်မှာလုပ်တဲ့ သတင်းထောက်တွေက အန္တရာယ်ပိုများတယ်။ သတင်းတွေကို တည်ဆဲဥပဒေတွေနဲ့ ကျင့်ဝတ်တွေနဲ့ ချိန်ထိုးပြီး လုပ်နိုင်တဲ့ အယ်ဒီတာကောင်းတွေသာ ပေါ်ထွန်းခဲ့မယ်ဆိုရင် ဒီသတင်းထောက်တွေအတွက် လုံခြုံရေးအတွက်ကိုပါ တစ်ဖက်တစ်လမ်းက ကာကွယ်ပြီးဖြစ်တယ်။ အခုကျွန်တော်တို့ ဖြစ်နေတဲ့ သတင်းအရည်အသွေးတွေ ကျဆင်းနေတယ်ပြောတာက ကျွန်တော်တို့လုပ်သင့်တာ၊ ပေးသင့်တဲ့ သင်တန်းတွေက အခုတကယ် ဦးစားပေးချင်တာက အယ်ဒီတာနယ်ပယ်ကို ပိုပြီးလုပ်ပေးသင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။

နိုင်ငံတကာကို ကြည့်လိုက်မယ်ဆိုရင် နယူးယောက်တိုင်းမ်တို့၊ ဝါရှင်တန်ပို့စ်တို့ ကြည့်လိုက်ရင် အယ်ဒီတာဆိုတဲ့ လူတွေက တကယ်ကို အသက်အရွယ်အရရော၊ အတွေ့အကြုံအရရော ကြီးရင့်တဲ့လူတွေက အယ်ဒီတာစားပွဲမှာ ထိုင်ကြတယ်။ ထိုင်ပြီး သူတို့တကယ်ခံစားခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ သွားကြတာ။ ဒါကိုလည်း ကျွန်တော်တို့က လုပ်သင့်ပါတယ်။

**မေး။ ။ နောက်ဆုံးမေးခွန်းတစ်ခု မေးပါရစေ။ ၂၀၁၅ အလွန်မှာ မြန်မာ့စာနယ်ဇင်းလောကနဲ့စာနယ်ဇင်း လွတ်လပ်ခွင့်အနေအထားအပေါ် ဘယ်လိုများ သုံးသပ်ချင်ပါသလဲ။**

ဖြေ။ ။ ၂၀၁၅ အလွန်ဆိုတာထက် ကျွန်တော်တို့ စာနယ်ဇင်းလောကက အခု ဘာဖြစ်နေသလဲဆိုတော့ Up-Down သွားနေတယ်။ မြန်မာ့စာနယ်ဇင်း လွတ်လပ်ခွင့်ရဲ့ တိုးတက်မှုက တောက်လျှောက်တစ်ရှိန်ထိုးတက်သွားတာမျိုး မဟုတ်ဘူး။ တက်လိုက် ဆင်းလိုက်၊ ပြန်တက်လိုက် ပြန်ဆင်းလိုက်သွားနေရတယ်။ ဒါကလည်း အကူးအပြောင်းမှာ အကုန်လုံးက သည်းညည်းခံဖို့လိုပါတယ်။ အစိုးရဘက်ကရော၊ မီဒီယာတွေဘက်ကရောပေါ့။ မီဒီယာတွေဘက်က ရပ်တည်ပြီးပြောတာ မဟုတ်ပါဘူး။ တာဝန်သိတဲ့ မီဒီယာတွေဖြစ်ဖို့ အစိုးရဘက်ကလည်း နားလည်ပေးဖို့လိုပါတယ်။

အခု ကျွန်တော်တို့နိုင်ငံမှာဖြစ်နေတဲ့ ပြဿနာတွေကို ကြည့်မယ်ဆိုရင် လူတွေရဲ့ ခံစားချက်တွေကြောင့် ဖြစ်နေတာလို့ မြင်ပါတယ်။ ဥပမာအားဖြင့် ဌာနတစ်ခုက ဒီသတင်းကိုပဲ သည်းခံခွင့်လွှတ်နိုင်သော်ငြားလည်း နောက် ဌာနက ဒီလိုမျိုးသတင်းကို ခွင့်မလွှတ်နိုင်တာမျိုး သွားမြင်တယ်။ ဆိုလိုချင်တာက စာနယ်ဇင်းလွတ်လပ်ခွင့်ကို ကျွန်တော်တို့နိုင်ငံမှာ တွေ့တဲ့အခါမှာ သက်ဆိုင်ရာ အာဏာပိုင်တွေ တစ်ဦးချင်းစီ၊ တစ်ဦးချင်းစီရဲ့ ခံယူချက်နဲ့ တုံ့ပြန်မှုအပေါ်မူတည်ပြီး ကျွန်တော်တို့မှာ ပြဿနာတွေရှိနေတဲ့အတွက် အဲဒါလေးတွေကို ကျွန်တော်တို့ ဖြေရှင်းဖို့လိုတယ်။

၂၀၁၅ အလွန်မှာ အဖွဲ့အစည်းအသီးသီးမှာ နိုင်ငံတကာအမြင်ရှိသူတွေ၊ ဒီမိုကရေစီကို တကယ်သက်ဝင်ယုံကြည်တဲ့ လူတွေများများ ပါဖို့လိုပါတယ်။ မီဒီယာလောကကလည်း ဒီအတိုင်း ရပ်နေလို့မရဘူး။ အယ်ဒီတာတွေရဲ့ အရည်အသွေးတွေ မြင့်မားတိုးတက်အောင် လုပ်ရမယ်။ ပညာရေးဘက်ကလည်း ပေါင်းကူးပေးနိုင်အောင်လို့ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ အဲဒါတွေသွားရင်တော့ သတင်းစာလွတ်လပ်ခွင့်ပိုပြီး တိုးတက်လာမယ်ပေါ့။

သို့သော် စာနယ်ဇင်းအနေနဲ့ အသက်ရှင်ရပ်တည်နိုင်ဖို့ကတော့ ၂၀၁၅ အလွန်မှာ ပိုပြီးခက်ခဲလာမယ်။ နံပါတ်တစ်က ပုံနှိပ်မီဒီယာတွေက အကုန်လုံး ကျဆင်းနေပါပြီ။ မြန်မာနိုင်ငံမှာကျတာ တော်တော်လေးမြန်ပါတယ်။ လူတွေလက်ထဲမှာ သန်းနဲ့ချီတဲ့ မိုဘိုင်းဖုန်းတွေရောက်လာတယ်။ ဂျာနယ်တစ်စောင် ဝယ်မဖတ်တော့ဘူး။ မိုဘိုင်းဖုန်းပေါ်မှာ ရနေတဲ့ သတင်းအချက်အလက်တွေကို သူဖတ်တော့မယ်။ အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ပုံနှိပ်မီဒီယာတွေခက်ခက်ခဲခဲရင်ဆိုင်ရမယ်၊ ပုံနှိပ်မီဒီယာအချို့ ပျောက်ကွယ်သွားပါလိမ့်မယ်။

သို့သော် တစ်ဖက်မှာ ပုံနှိပ်မီဒီယာတွေကနေ ဒီဂျစ်တယ်မီဒီယာကို ပြောင်းမယ်ဆိုရင်လည်း အဆင်သင့် မဖြစ်သေးပါဘူး။ မြန်မာပြည်မှာ တော်တော်များများရဲ့ စိတ်ကူးက သတင်းအချက်အလက်ဆိုတာ ပိုက်ဆံပေးပြီး ဝယ်ဖတ်ရတာမဟုတ်ဘူးလို့ ယူဆထားကြပါတယ်။ အလကားရရင် ဖတ်ပါတယ်။ အဲဒါ လူတွေရဲ့ Mind-Set၊ ဒါ ဒီနိုင်ငံမှာ မကဘူး၊ အမေရိကမှာလည်း ဒီအတိုင်းပဲ၊ ပညာရှင်အပိုင်းကပဲ Sub-scribed လုပ်ပြီး ဖတ်ကြတယ်။ သာမန်ပြည်သူကတော့ အခုခေတ်မှာ သတင်းတွေကများလာတော့ ဟိုးအရင်ခေတ်ကလို စိမ်ပြေနပြေ မဖတ်ကြတော့ဘူး။ ဥပမာအားဖြင့် ဘယ်နေရာမှာ မီးလောင်တယ်ဆိုတာလောက်နဲ့ လူတွေက ကျေနပ်တယ်။ ကျန်တာ သိပ်စိတ်မဝင်စားတော့ဘူး။

နောက်ပြီး မီးလောင်တာလောက်ကတော့ အလကားဖတ်ရမယ်။ အသေးစိတ်သိချင်ရင် ပိုက်ဆံပေးဆိုရင် မဖတ်ကြတော့ဘူး။ လူတွေက အလကားဖတ်ရတာနဲ့ ကျေနပ်သွားပြီး အသေးစိတ်မသိချင်တော့ဘူး။ အဲဒီလိုမျိုးနဲ့ ဒီဂျစ်တယ်မီဒီယာမှာ ရှင်သန်ဖို့ကလည်း ကျွန်တော်တို့တော်တော်လေး Smart ဖြစ်ပြီးတော့ နည်းဗျူဟာကောင်းကောင်းနဲ့လုပ်မှ ရှင်သန်မယ်လို့ မြင်ပါတယ်။ ၂၀၁၅ အလွန်မှာ မီဒီယာကဏ္ဍမှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကြီးအကျယ်ဝင်ရောက်လာမယ်ဆိုရင် မိအေးနှစ်ခါနာ ဖြစ်နိုင်ပါတယ်။

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (ပဲခူး)တတိယနေ့ ကျင်းပ

**ပဲခူး မေ ၁၁**



မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ် ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေမှုကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိက ကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် (ပဲခူး)၏ တတိယနေ့ပွဲစဉ်များကို မေ ၉ ရက် နံနက်က ပဲခူးရှိဟံသာဝတီ ဂေါက်ကလပ်၌ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ တတိယနေ့ (၁၈) ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ ဇော်ဇော်လတ် (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၁ ချက်ဖြင့် ပထမ၊ မျိုးဝင်းအောင် ( P.R. G.R) က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် ဒုတိယ၊ ရန်မျိုးအေး (CEO Group) က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၃ ချက်ဖြင့် တတိယလိုက်နေကြပြီး အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ဇင်မင်းသူက သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် ပထမ၊ ကျော်သက်ဦးက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယ၊ ဟိန်းစည်သူက စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် တတိယရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ယဉ်မေမျိုးက စုစုပေါင်း ရိုက်ချက် ၁၄၉ ချက်ဖြင့် ပထမ၊ မေဦးခိုင်က စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ဒုတိယ၊ ခင်မာနွယ်က စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် တတိယလိုက်နေကြသည်။

**ဖိုးသော်ဇင်**



**ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မေ ၈ ရက်က မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်နိုင် ကြီးကြပ်မှုဖြင့် မြို့နယ်မန်နေဂျာရုံး ဓာတ်အားခွဲရုံတွင် ၆.၆ ကေဗွီ GCB အစား VCB များဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများ အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်စဉ်။**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# စစ်မှန်တဲ့အောင်မြင်မှု

**ချစ်နိုင်(စိတ်ပညာ)**

ခေါင်းဆောင်မှုဆိုတဲ့ဘာသာရပ်ကို စိတ်ပညာကျောင်းသားဘဝမှာကတည်းက မန္တလေးတက္ကသိုလ်မှာကြိုးစားပြီး လေ့လာဆည်းပူးခဲ့ပါတယ်။ အသက် ၂၀ ကျော်စ ဗိုလ်လောင်းဘဝမှာ ခေါင်းဆောင်မှုသင်တန်းကို ဗိုလ်သင်တန်းကျောင်းကျောင်းအုပ်ကြီးက သင်ကြားပို့ချတယ်။

တပ်ခွဲမှူးသင်တန်း၊ တပ်ရင်းမှူးသင်တန်းတွေကို ရှမ်းပြည်နယ် ဗထူးတပ်မြို့မှာ တက်ရတဲ့အခါ တိုက်ခိုက်ရေးကျောင်း၊ ကျောင်းအုပ်ကြီးကိုယ်တိုင် ပို့ချတာကို နာယူကြရပြန်ပါတယ်။ အလားတူ စစ်ဦးစီးတက္ကသိုလ်တက်ရတဲ့အခါမှာလည်း ကျောင်းအုပ်ကြီးကိုယ်တိုင် သေသေချာချာ သင်ပြတယ်။ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှာလည်း ကျောင်းအုပ်ကြီးက ပို့ချခဲ့ပါတယ်။ သင်တန်းတိုင်းမှာ အလေးအထားဆုံးဘာသာရပ်ဆိုတာ တပ်မတော်အရာရှိ ဘဝတစ်လျှောက်လုံးတွေ့ခဲ့ရပါတယ်။ ယနေ့အထိလည်း ရှာဖွေဖတ်ရှုလေ့လာဆဲပါပဲ။ စိတ်ပါဝင်စားပါတယ်။

အောင်မြင်မှုဆိုတဲ့အကြောင်းအရာကိုလည်း အထက်တန်းကျောင်းသား၊ မန္တလေးတက္ကသိုလ်ကျောင်းသားအရွယ်များကပင် ဖတ်မှတ်လေ့လာခဲ့တာ နှစ်ပေါင်း ၅၀ ကြာလည်း လေ့လာလို့ပဲမကုန်နိုင်ဘဲကိုး။ သိစရာတွေရှိနေတုန်းပါလား။

စာရေးသူအောင်မြင်မှုအကြောင်းလေ့လာမိသမျှ၊ သိသမျှကိုလည်း အခါအားလျော်စွာ စာဖတ်သူများကိုတင်ပြခဲ့ပါတယ်။ ဖတ်ရတာဝါသနာပါသလို ရေးရတာစိတ်ထက်သန်လို့ပါ။ စာရေးတယ်ဆိုတာ ကိုယ်တိုင်ခံစားရမှသာရေးနိုင်တာ။ ကိုယ်နှစ်သက်မှုကို ခံစားရရင် သောမနဿဝေဒနာပေါ့။ ဝေဒနာဆိုတဲ့တစ်စုံတစ်ခုကို ခံစားမှုကိုရပြီ။ ဒီဝေဒနာကိုသူတစ်ပါးသို့ မျှဝေချင်တဲ့စေတနာနဲ့ပေါင်းစပ်လိုက်တော့ စာတစ်ပုဒ်ဖြစ်လာတော့တာပဲ။

စာတိုင်းတော့စာဖတ်သူဆီရောက်တာမဟုတ်ပါ။ ဖတ်ချင့်စဖွယ် ကောင်းခြင်းဆိုတဲ့အနုပညာရသတန်ဖိုးတစ်ခုခုပါမှ အယ်ဒီတာကရွေးချယ်ဖော်ပြတာပါ။ ဝေဒနာရယ်၊ စေတနာရယ်ပြီးတော့ အနုပညာအတတ်ပညာရယ်၊ ဒါကို ရောသမမွှေဖို့ အချိန်ပေးမှုရယ်လိုအပ်ပါတယ်။ ဒါမှသာစာဖတ်သူရဲ့ ရှေ့မှောက်ကို ရောက်နိုင်တာကိုး။

အောင်မြင်မှုဆိုတာ လူတိုင်းကရင်းနှီးခဲ့ကြပြီးသားပါ။ အောင်မြင်သူပဲဖြစ်ဖြစ်၊ ရှုံးနိမ့်သူပဲဖြစ်ဖြစ်၊ အသက်ကြီးကြီး၊ ငယ်ငယ်၊ ဘယ်ဒေသကလူပဲဖြစ်ဖြစ်၊ ဘာလူမျိုးပဲ ဖြစ်ဖြစ်၊ အောင်မြင်မှုဆိုတာကိုတော့အနည်းနဲ့အများ စိတ်ဝင်စားကြပါတယ်။ စိတ်ဝင်စားစရာကောင်းပါတယ်။

**အောင်မြင်မှုဆိုတာဘာလဲ**

အောင်မြင်မှုရအောင်ဘယ်နည်းလမ်းတွေလုပ်ဆောင်ရမလဲ။ သိသူတော့နည်းပါတယ်။ အချို့ကသိကြပါတယ်။ သိရုံပဲ ။ ကျင့်သုံးမှုတော့ မရှိဘူး။ ဒါဆိုလည်း အချည်းနှီးပဲ။ သိရုံသက်သက်နဲ့ ဘာမှ အကျိုးမထူးသေးဘူး။ အောင်မြင်မှုကို ဂဃနဏလည်း သေချာစွာသိတယ်။ တကယ်လည်း လက်တွေ့လိုက်နာကျင့်သုံးတယ်ဆိုရင်တော့ ဘယ်ဒေသကလူဖြစ်ဖြစ်၊ ဘာလူမျိုးဖြစ်ဖြစ်၊ အသက်ကြီးကြီး၊ ငယ်ငယ်၊ အရွယ်မရွေး၊ ကျားမ မရွေး၊ ဘာသာမရွေး၊ မုချအောင်မြင်ကြပါမယ်။ လောကမှာ သီအိုရီသဘောတရား မှန်ကန်ဖို့နဲ့ လက်တွေ့လိုက်နာကျင့်သုံးမှုပေါင်းစပ်ရင် ဘယ်သူမဆို အောင်ပန်းဆင်တော့တာပဲလေ။

စစ်မှန်တဲ့အောင်မြင်မှုအတွက် လိုအပ်ချက် လေးချက်ရှိပါတယ်။ ကမ္ဘာတစ်ဝန်းမှာခေါင်းဆောင်မှုနဲ့ အောင်မြင်မှုအကြောင်းတွေ ဟောပြောရေးသားရာမှာ အင်မတန်ထင်ရှားတဲ့ ဂျွန်စီမက်ဇ်ဝဲလ်ဆိုတဲ့ စာရေးဆရာကပေးတဲ့ အကြံဉာဏ်ပါ။ သူက ခရစ်ယာန်ဘုန်းတော်ကြီး တစ်ပါးပါ။ ဂျွန်စီမက်ဇ်ဝဲလ်ရေးတဲ့ စာအုပ်တွေကို ဆရာဦးလှမင်း၊ မင်းဗထူး၊ မောင်မြင့်ကြွယ်၊ ဦးတင်ဦး(ကျူရှင်)၊ ရဲမြင့်(စွန့်ဦးတီထွင်)၊ ဒေါက်တာခင်စန်းမော်၊ ဒေါက်တာသာထွန်းဦး၊ ဒေါက်တာရဲ(ကလေးအထူးကု)၊ တက္ကသိုလ်ဟန်စိုးဦး၊ ဇော်ဝင်းကြူ (ပျဉ်းမနား)၊ ကျော်ကျော်လှိုင် (SMART)၊ အောင်စည်သာ အစရှိသဖြင့် မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြတဲ့ စာအုပ်တွေလည်း တော်တော်များပါပြီ။ အားလုံးလိုလို စာရေးသူကဝယ်ယူလေ့လာပါတယ်။ စိတ်ပါဝင်စားလို့ပါ။ သူပြောတာကို ကြိုက်ရင်ယူပေါ့။ မကြိုက်ရင် မယူနဲ့ပေါ့။

၁။ ပေါင်းသင်းဆက်ဆံရေး
၂။ အတူတကွ လုပ်ဆောင်ခြင်း
၃။ ခေါင်းဆောင်မှုစွမ်းရည်
၄။ ခံယူချက်

ခေါင်းစဉ်လေးပဲ တစ်စွန်းတစ်စ ဖော်ပြပေးရုံမျှနဲ့ အကြောင်းမထူးလှဘူးထင်မိပါတယ်။ အနည်းငယ်မျှ ဆက်လက်ဖော်ပြပါရစေ။

**၁။ ပေါင်းသင်းဆက်ဆံရေး**

စစ်မှန်တဲ့အောင်မြင်မှုရချင်ရင် မိသားစုအတွင်းမှာဖြစ်စေ၊ အတန်းဖော်ကျောင်းသားကျောင်းသူတွေထဲမှာပဲဖြစ်စေ၊ မိဘနဲ့၊ ဆရာသမားနဲ့ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရပါမယ်။ အောင်မြင်ရေးအတွက် အလိုအပ်ဆုံးနဲ့ အကြီးမားဆုံး အရည်အချင်းကတော့ လူတွေနဲ့ ဘယ်လိုပေါင်းသင်းဆက်ဆံမလဲဆိုတာပါပဲ။ ပေါင်းသင်းဆက်ဆံရေးဟာ ကျွန်တော်တို့ရဲ့ ဘဝအပေါ် သက်ရောက်မှုများတယ်။ မိမိရဲ့ပေါင်းသင်းဆက်ဆံရေး အရည်အသွေးဟာ မိမိကိုယ်ကို မြှင့်တင်တည်ဆောက်နေသလား။ ဖြိုခွဲ ဖျက်ဆီးနေသလား၊ စဉ်းစားသုံးသပ်ပါ။ ပြုပြင်သင့်ရင်ကောင်းအောင်ပြုပြင်ပါ။

ဂျွန်စီမက်ဇ်ဝဲလ်ရဲ့ ဖော်ပြချက်ကို စာရေးသူက ဖြည့်စွက်ထောက်ခံချင်ပါတယ်။ မြတ်စွာဘုရားသခင်က မင်္ဂလာတရားတော်မှာ ပထမဦးဆုံး မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းဖော်ပါ။ (ဒါမှကောင်းတဲ့အရည်အသွေး အတုယူလို့ရရှိမှာပေါ့)၊ မကောင်းတဲ့ မိုက်မဲသူတွေကို မပေါင်းလေနဲ့။ ဝေးဝေးရှောင်ပါ။ (ဒါကို ပထမဦးဆုံးတောင် ထားတာနော်)၊ တော်တော်ကြာငရုတ်သီးနဲ့ ပေါင်းမိလို့ ကိုယ်ပါငရုတ်ဆုံထဲ ထည့်အထောင်းခံရတဲ့ ကြက်သွန်လိုဖြစ်နေမယ်။ ငရုတ်သီးက သူ့လိုစပ်တဲ့ကောင်လာခဲ့ထွက်ခဲ့ခေါ်တော့ ကြက်သွန်ကငါလည်း လူတွေ မျက်ရည်ကျအောင်စပ်တဲ့ကောင်ပဲဆိုပြီး ငရုတ်သီးနဲ့ပေါင်းသတဲ့။ ဘာပြောကောင်းမလဲ။ ငရုတ်သီးနဲ့ အတူရောပြီး ထုထောင်းခံရတော့တာပဲ။ လူပေါင်းမမှားစေနဲ့နော်။

> **စစ်မှန်တဲ့အောင်မြင်မှုရချင်ရင် မိသားစုအတွင်းမှာဖြစ်စေ၊ အတန်းဖော် ကျောင်းသားကျောင်းသူတွေထဲမှာပဲဖြစ်စေ၊ မိဘနဲ့၊ ဆရာသမားနဲ့ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရပါမယ်. . .**

ဒီဃဇာဏုသုတ်မှာပါတဲ့ သမ္ပဒါတရားလေးပါး၊ အောင်မြင်ကြီးပွားကြောင်းတရားမှာလည်း "ကလျာဏမိတ္တသမ္ပဒါ" ဆိုတဲ့ အချက်ဟာ တစ်ချက်ပါပါတယ်။ ဆရာသမားကောင်း၊ လုပ်ဖော်ကိုင်ဖက်ကောင်း၊ ရဲဘော်ရဲဘက်တပည့်ကောင်းတွေ ပြည့်စုံရင် အများကြီး အောင်မြင်တာတွေ့ရမှာပါ။

လျင်လျင်မြန်မြန် တိုးတက်အောင်မြင်စေတဲ့ စက်လေးပါးဆိုတာ မြတ်စွာဘုရားရှင် ဟောကြားညွှန်ပြတော်မူဖူးတယ်။ စက်တစ်ပါးကဘာလဲဆိုရင် "သပ္ပုရိသူပနိဿယစက်" ဆရာကောင်း၊ မိတ်ဆွေကောင်းကို အမှီသဟဲရရှိခြင်းတဲ့။

အခါတစ်ပါးမှာမြတ်စွာဘုရားကို ညီတော်အာနန္ဒာက ကြည်ညိုလေးစားလွန်းလို့ ချီးကျူးဂုဏ်ပြုချင်လို့ ဒီလိုထုတ်ဖော် လျှောက်ထားတယ်။

မြတ်စွာဘုရား ဆရာကောင်း၊ မိတ်ဆွေကောင်းတို့ကို အမှီအထောက်အကူရရှိခြင်းဟာဖြင့် မိမိရည်မှန်းချက်ပန်းတိုင်သို့ ရောက်ဖို့အတွက် ခရီးတစ်ဝက် (၅၀ ရာခိုင်နှုန်း) ပြီးမြောက်တာနဲ့ အတူတူပဲလို့ ထင်ပါတယ်ဘုရား" မြတ်စွာဘုရားက " မဟုတ်သေးဘူး အာနန္ဒာ"လို့ ပြောတယ်။ ညီတော်အာနန္ဒာက မြတ်စွာဘုရား မကြားလို့လား။ နားမရှင်းလို့လား ။ သေချာအောင် သုံးကြိမ်တိုင်တိုင်ထပ်ခါထပ်ခါလျှောက်ထားတယ်။ မြတ်စွာဘုရားကလည်း သုံးကြိမ်စလုံးပင် ငြင်းပယ်တော်မူတယ်-

"အာနန္ဒာ ဆရာသမားကောင်း၊ မိတ်ဆွေကောင်းကို ပေါင်းဖော်မှီဝဲရပြီဆိုရင် ထိုသူအတွက် ခရီးအဆုံးတိုင် (၁၀၀ ရာခိုင်နှုန်း) ရောက်တာနဲ့ ပြီးမြောက်တာနဲ့အတူတူပဲကွဲ့"လို့ သေသေချာချာရှင်းရှင်းလင်းလင်း မိန့်တော်မူတယ်။ (ပြင်ပေးတော်မူခဲ့တယ်)။

စာရေးသူတို့က သပ္ပုရိသူပနိဿယဟာ ခရီးတစ်ဝက်ပြီးတယ်လို့ပဲ (အာနန္ဒာ ပုထုဇဉ်လို) မြင်မိခဲ့ပါရဲ့။ မြတ်စွာဘုရားလို သဗ္ဗညုတဉာဏ်တော်နဲ့ မြင်တဲ့သူအဖို့မှာ ဆရာပြတဲ့အတွက် သီအိုရီသဘောတရားရော၊ လက်တွေ့ရော နည်းလမ်းတကျ အောင်မြင်မှု အလွယ်တကူရစေတာ။ ဆရာကသာ အမှန်မပြရင် တစ်စုံတစ်ဦးရဲ့ ကြိုးစားအားထုတ်မှုဟူသမျှဟာ သုညပဲ။ ဆရာကောင်း မိတ်ဆွေကောင်းများ ရရှိအောင် အလေးထားရမယ်ဆိုတာ မြတ်စွာဘုရားရဲ့ လမ်းညွှန်ချက်နဲ့ အညီပါပဲ။ ဆက်ဆံရေးကောင်းအောင် မိမိကိုယ်ကို ပြုပြင်တည်ဆောက်ရပါမယ်။

**၂။ အတူတကွလုပ်ဆောင်ခြင်း**

ဘဝမှာကျွန်တော်သင်ယူခဲ့ရတဲ့ တန်ဖိုးအရှိဆုံးသင်ခန်းစာတစ်ခုကတော့ သင့်အနားမှာ ရှိနေတဲ့ လူတွေဟာ သင်ဘယ်လောက်အောင်မြင်လဲဆိုတာကို ဆုံးဖြတ်ပေးပါတယ်တဲ့။

ကြီးကျယ်ခမ်းနားတဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အဖွဲ့အစည်း၊ အသင်းအပင်းအုပ်စုတွေနဲ့အတူ စုပေါင်းလုပ်ဆောင်ကြမှသာ အောင်မြင်တာမဟုတ်လား။ အဖွဲ့အစည်းကောင်းဖို့လည်း အရေးကြီးတာပေါ့။

**၃။ ခေါင်းဆောင်မှုစွမ်းရည်**

ခေါင်းဆောင်နိုင်မှုဆိုတာ အောင်မြင်သူတိုင်းမှာရှိနေတဲ့၊ ရှိသင့်တဲ့အရည်အချင်းတစ်ရပ်ပါ။ ခေါင်းဆောင်ဆိုတာ ရှေ့က စံနမူနာကောင်းကို ပြသနိုင်ရမယ်။ နောက်လိုက်ငယ်သားတွေရဲ့ လေးစားအားကျအားကိုးမှုကို ခံယူနိုင်ရမယ်။ တာဝန်ယူရဲ ရပါမယ်။ ငယ်သားတွေက လူစီးတွဲ၊ ကုန်တွဲ၊ ကျောက်တွဲ၊ ဆီတွဲ၊ ရထားတွဲတွေဆိုပါစို့။ မိမိက ခေါင်းတွဲဖြစ်ရပါမယ်။ ကိုယ်တိုင် ဆွဲနိုင်တွန်းနိုင်တဲ့ အင်ဂျင်ပါဝါရှိရမယ်။ သူတစ်ပါးတိုက်တွန်းစရာမလိုဘဲ ကိုယ်တိုင်ထကြွနိုးကြားသူဖြစ်ရပါမယ်။

ခေါင်းဆောင်မှုစွမ်းရည်ပြည့်ဝလေလေ ဘဝမှာ အောင်မြင်လေလေပဲ။ စာဖတ်သူဟာ ခေါင်းဆောင်မှုစွမ်းရည်ကို အစဉ်အမြဲ လေ့ကျင့်မြှင့်တင်နေသင့်တယ်။

**၄။ ခံယူချက်**

လူတစ်ယောက်ရဲ့ ခံယူချက်ကသာလျှင် သူ့ရဲ့ နေ့စဉ်ဘဝကို ဘယ်လိုဖြတ်သန်းသလဲဆိုတာကို ပြဋ္ဌာန်းပါတယ်။ သင့်ရဲ့ အောင်မြင်မှုအနိမ့်အမြင့်အကွာအဝေးတို့ဟာ သင့်ရဲ့အရည်အချင်းဆိုတာထက် သင့်ရဲ့ခံယူချက်သဘောထားနဲ့သာ ပိုပြီး သက်ဆိုင်တယ်။

လောကကောင်းကျိုးကို ငါအစွမ်းကုန်သယ်ပိုးမယ်ဆိုတဲ့ ခံယူချက်မျိုး၊ ငါ့နိုင်ငံတော် ငါ့လူမျိုးရဲ့ ငြိမ်းချမ်းရေး၊ သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါအကောင်းဆုံးပါဝင်ကြိုးစားထမ်းဆောင်မယ်ဆိုတဲ့ ခံယူချက်မျိုး၊ ငါ့အုပ်စု၊ ငါ့အဖွဲ့အတွက် ဂုဏ်တက်ရအောင် အသက်ပေးချင်ပေးရပါစေ၊ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားလုပ်မယ်ကွဆိုတဲ့ ခံယူချက်မျိုးဟာ အောင်မြင်မှုတွေ ရစေပါတယ်။

ဒီဆောင်းပါးမှာ နိဂုံးချုပ်စာရေးသူတင်ပြချင်တာကတော့ သေချာပေါက်အောင်မြင်နည်းတစ်ခုပါ။

သင်ဟာအောင်မြင်မှုကို ဇော်မွတ်ဆာလောင်နေသူဆိုရင် သင့်ဘဝကိုဖြတ်သန်းရမယ့် အကောင်းဆုံးနည်းလမ်းက အောင်မြင်သူတွေနဲ့ နီးနီးကပ်ကပ်နေထိုင်ခြင်းပါပဲ။ သူတို့နဲ့ အချိန်ဖြုန်းပါ။ သူတို့ဘယ်လိုအလုပ်လုပ်သလဲကြည့်ပါ။ သူတို့ ဘယ်လိုတွေးတောသလဲသင်ယူပါ။

အဲဒီလိုနဲ့ သင်ဟာ တစ်နေ့မှာ သူတို့လိုဖြစ်လာပါလိမ့်မယ်။ ကဲ လမ်းတော့ တွေ့နေပြီ။ ဆက်ပြီးလျှောက်မလျှောက်ဆိုတာကတော့ စာဖတ်သူတွေရဲ့ ခံယူချက်နဲ့ ရွေးချယ်မှုအတိုင်းပါပဲ။ လက်တွေ့လုပ်တဲ့လူကတော့ တကယ်အကျိုးထူးမှာ သေချာပါတယ်။ မြေကြီးလက်ခတ်မလွဲပါ။

## ထိုင်းနိုင်ငံတွင် အလွန်ပြင်းအားကြီးသည့် ငလျင်ကြီးများ လှုပ်ခတ်နိုင်ဟု ထိုင်းဗေဒင်ဆရာတစ်ဦး ကြိုတင်ဟောကိန်းထုတ်

**ကော့သောင်း မေ ၁၁**

ယခုရက်ပိုင်းအတွင်း ကမ္ဘာနှင့်အဝန်း စိတ်ဝင်စားမှု အများဆုံးဖြစ်နေသည့်သတင်းမှာ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ Barran ကျွန်းပေါ်က မီးတောင်ပေါက်ကွဲလာနိုင်သည့်သတင်းဖြစ်ရာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှထုတ်လွှင့်နေသည့် သတင်းများမှာ အဆိုပါ မီးတောင်ပေါက်ကွဲလာနိုင်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်လျှင် မြေငလျင်နှင့် ဆူနာမီအန္တရာယ်ကျရောက်လာနိုင်ခြေရှိသဖြင့် ထိုင်းနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူများ သတိထားနေထိုင်ကြရန် သတင်းများထုတ်ပြန်ကြေညာထားသည်ကို တွေ့မြင်ကြားသိနေရသည်။ အရေးပေါ်ကြေညာချက်ထုတ်ပြန်သည့်အနေအထား မတွေ့ရသေးသော်လည်း လာမည့်ဇူလိုင်လအတွင်း ထိုင်းနိုင်ငံ သက်တမ်းတစ်လျှောက်မှာ တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသေးသည့် သဘာဝဘေးဒုက္ခကပ်ကြီး ခံစားရမည်ဖြစ်ကြောင်း နာမည်ကြီး ထိုင်းဗေဒင်ဆရာက ပြည်သူများကို သတိပေးလိုက်သည်။

ထိုင်းနိုင်ငံဖြစ်တည်လာသည့်အချိန်မှစ၍ ယနေ့အထိ မခံစားရဖူးသေးသည့်ပြင်းအား အဆင့်အထိ ငလျင်ကြီးတစ်ခု ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်၊ ချင်းရိုင်ဒေသများနှင့် တောင်ပိုင်း ပါတနီ၊ စုံခါ၊ ပူကက်၊ ဖန်ငါး စသောဒေသများတွင် ကျရောက်လာနိုင်ကြောင်း ကြိုတင်ဟောကိန်းထုတ်လိုက်ပြီး ထိုင်းလူမျိုးများအနေဖြင့် ပေါ့ပေါ့ဆဆမနေကြရန်နှင့် အသုံးအစွဲကို ချွေတာစုဆောင်းကြရန်လည်း သတိပေးထားသည်။ ထိုင်းနိုင်ငံရေးအပြောင်းအလဲနှင့် စီးပွားရေးကပ်များ ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည်ဟု ထိုင်းနိုင်ငံမှနာမည်ကြီး ဗေဒင်ဆရာတစ်ဦးဖြစ်သူ Keith D. Nostradamusvmrnfh (နွတ်သရာဒန်)က ဟောကိန်းထုတ်ထားကြောင်း ထိုင်းနိုင်ငံမှလာသည့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သိရသည်။

**ကျော်စိုး (iprd)**

## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးဌာနချုပ် ဗဟိုသင်တန်းကျောင်း လက်ထောက်ကျောင်းအုပ်ကြီး ဦးအေးမြင့်ခေါင်းဆောင်သည့်ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေးမန်နေဂျာသင်တန်း အမှတ်စဉ်(၂)မှ အုပ်ချုပ်သူနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၂၁၀ တို့သည် ယနေ့နံနက်ပိုင်းတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကိုလေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**

## မင်္ဂလာရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လှည့်လည်စစ်ဆေး

**နေပြည်တော် မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်မီးရထားရပ်ကွက်အတွင်းသို့ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ခုတင် ၂၀၀ ပြည်သူ့ဆေးရုံမှ သူနာပြု ဆရာမကြီး ဒေါ်သန်းသန်းမြင့်၊ ကျန်းမာရေးကြီးကြပ်-၂ ဒေါ်မေသကြာနိမိုး၊ မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသန်းဝင်းစိုး(နယ်မြေ ၁၅) တို့ပါဝင်ကာ မေ ၁၀ ရက် နံနက် ၈ နာရီက မီးရထားရပ်ကွက်နေအိမ် ၈၀ ခန့်ကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် လူနေအိမ်၊ ခြံဝင်းအတွင်း ပိုးလောက်လမ်းများ ကင်းစင်ရေး၊ ဘုရားအိုး၊ ရေအိုးတို့ကို ဖုံး၊သွန်၊လဲ၊ စစ်စနစ်ဖြင့် အသုံးပြုရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်းတို့ကိုလည်း တစ်အိမ်တက်ဆင်း လှည့်လည်စစ်ဆေးပြောကြားခဲ့ကြောင်း သိရသည်။

**ကာရန်ခ**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်အစီရင်ခံစာများ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ခေါင်းဆောင်သောအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ ဦးဆောင်သည့်အဖွဲ့ မလေးရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးခေါင်းဆောင် သည့်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်ကိုလည်းကောင်း လွှတ်တော်ကမှတ်တမ်းတင်ခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပေးပို့လာသော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း၊ ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းခဲ့ကြသည်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်း (Actual) များနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ (၅/၂၀၁၅)ကို အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံအဆင့် ပြတင်းတစ်ပေါက်စနစ်ကျင့်သုံးခြင်းအားဖြင့် အချိန်ကြန့်ကြာမှုနှင့်ကုန်ကျစရိတ်များ လျှော့ချနိုင်သဖြင့် လုပ်ငန်းများ ပိုမိုလွယ်ကူ

**နေပြည်တော် မေ ၁၁**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ကို ယနေ့ နံနက်၁၀ နာရီတွင်ကျင်းပရာ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **"ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာများ၌ သတ်မှတ်ထားသော မဲဆန္ဒဦးရေဖြေလျှော့ပြီး မဲရုံများ တိုးချဲ့ပေးရန်၊ မဲဆန္ဒရှင်များအား ဆန္ဒမဲပေးရန်၊ သွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်နှင့် ဆန္ဒမဲပေးရာတွင် ပယ်မဲမဖြစ်ပေါ်ရေးအတွက် မည်သို့ စီမံထားသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးဝင်းကိုက ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာအုပ်စုများတွင် ဥပဒေပြဋ္ဌာန်းချက်အရ မဖြစ်မနေ မဲရုံဖွင့်လှစ်သွားမည်ဖြစ်ပြီး သတ်မှတ်ထားသော မဲဆန္ဒရှင်ဦးရေထက် လျှော့နည်းခြင်း သို့မဟုတ် သင့်လျော်သော မဲဆန္ဒရှင် အရေအတွက်ရှိပါက မဲရုံဖွင့်လှစ်ခွင့်ရှိပါသဖြင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် ပူးပေါင်းညှိနှိုင်း၍အကြံပြုဆောင်ရွက်ပေးစေလိုကြောင်း။



ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြေကြားစဉ်။(သတင်းစဉ်)

တစ်ရွာမှ တစ်ရွာသို့ ဆန္ဒမဲပေးရန် သွားရေး၊ လာရေးအတွက် နိုင်ငံတော် အစီအစဉ်ဖြင့် ယာဉ်၊ ထော်လာဂျီ၊ စက်လှေများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ နိုင်ငံရေးပါတီတစ်ခုခုမှသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးမှသော်လည်းကောင်း ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးဦးမှသော်လည်းကောင်း၊ မဲဆန္ဒရှင်များ သွားလာရေးအတွက် ယာဉ်၊ ထော်လာဂျီ၊ စက်လှေစသည့် တစ်မျိုးမျိုးကို စီစဉ်ဆောင်ရွက်ပေးခြင်းသည် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းပြီး မဲဆွယ်ခြင်းသဘော သက်ရောက်နေပါသဖြင့် ဆောင်ရွက်ခွင့်မရှိပါကြောင်း။

ဆန္ဒမဲပေးရာတွင် ပယ်မဲမဖြစ်ပေါ်စေရေးအတွက် သတိပြုရန်အချက်များကို သတင်းစာ၊ ဂျာနယ်များမှ ကြိုတင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဆင့်ပွားပညာပေးခြင်း၊ မဲရုံများတွင် အများပြည်သူသိရှိစေနိုင်ရန် ကြော်ငြာသင်ပုန်းတွင်ကပ်ထားခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **"ကုန်ပစ္စည်းများ ကုန်သွယ်ရာတွင် ကျင့်သုံးနေသော နိုင်ငံအဆင့် ပြတင်းတစ်ပေါက်စနစ်သည် မည်သည့်အကျိုးရလဒ်များရရှိကြောင်း သိရှိလိုခြင်းနှင့် နိုင်ငံအဆင့်မှ အာဆီယံပြတင်းတစ်ပေါက်စနစ်သို့ အဆင့်မြှင့်ရာတွင် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာလင်းအောင်



ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်မေးမြန်းစဉ်။ (သတင်းစဉ်)

က နိုင်ငံအဆင့် ပြတင်းတစ်ပေါက်စနစ်ကို ကျင့်သုံးခြင်းအားဖြင့် ကုန်သွယ်မှုပြုလုပ်သူများသည် နိုင်ငံတကာကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် ကုန်စည်ရှင်းလင်းမှုလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အချိန်ကြန့်ကြာမှုနှင့် ကုန်ကျစရိတ်များ လျှော့ချနိုင်သဖြင့် လုပ်ငန်းများပိုမိုလွယ်ကူရှင်းလင်းလာနိုင်ခြင်း၊ ကုန်စည်ရှင်းလင်းရေးနှင့် ပတ်သက်သော ဥပဒေလုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းလွယ်ကူစွာ နားလည်လာစေနိုင်ခြင်း၊ မိမိတို့ဆက်လက်ဆောင်ရွက်ရမည့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်များကို ကြိုတင်ခန့်မှန်းသိမြင်လာစေခြင်း၊ Business Cost ကို ကြိုတင်မှန်းဆတွက်ချက်ရာတွင် အထောက်အကူဖြစ်စေနိုင်ခြင်း၊ လူအင်အားသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ ကုန်သွယ်မှုကို ကြီးကြပ်ရန် တာဝန်ရှိသည့် ဌာန/အဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိလာစေနိုင်ပါကြောင်း။

ထိုကဲ့သို့ ကုန်ပစ္စည်းရှင်းလင်းထုတ်ယူမှုများ မြန်ဆန်လာပြီး ကုန်ကျစရိတ်များ လျှော့ချလာနိုင်သည့်အတွက် နိုင်ငံတကာကုန်သွယ်မှု ပမာဏတိုးမြှင့်လာနိုင်ပြီး အခွန်ဘဏ္ဍာကောက်ခံရရှိမှုများ ပိုမိုတိုးတက်လာနိုင်စေခြင်း၊ ကုန်တင်သွင်း/တင်ပို့သူများမှ ပူးပေါင်းလိုက်နာဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေနိုင်ခြင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော စနစ်တစ်ခုဖြစ်သည့် Risk Management စနစ်ကို စနစ်တကျအကောင်အထည်ဖော်ကျင့်သုံးနိုင်မည် ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အာဆီယံပြတင်းတစ်ပေါက်စနစ်ကို ဝင်ရောက်ချိတ်ဆက်နိုင်ရေးနှင့် မြန်မာအကောက်ခွန်၏ ထုတ်ကုန်/သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာ ယခုလက်ရှိ Manual စနစ်ဖြင့် ဆောင်ရွက်နေသည့် သွင်းကုန်/ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များနှင့် Myanmar e-customs စနစ်တို့အစား ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီနှင့် ဂျပန်အကောက်ခွန်နည်းပညာပံ့ပိုးမှုတို့ဖြင့် မြန်မာအလိုအလျောက်အကောက်ခွန်ရှင်းလင်းရေးစနစ်နှင့် မြန်မာအကောက်ခွန်သတင်းအချက်အလက်စနစ်တို့ကို ရေးဆွဲတပ်ဆင်အသုံးပြုနိုင်ရေး အကောင်အထည်ဖော်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုက ဖတ်ကြားရှင်းလင်းသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတင်ယာဉ်များထောက်ပံ့ပေးရန် စီမံချက်များ ရေးဆွဲလျက်ရှိ

**နေပြည်တော် မေ ၁၁**

အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၏ **မလှိုင်မြို့နယ် သပြေပင်အုပ်စု သံပရာကန်ရွာအနီးရှိ သံပုရာကန်အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားမြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သံပုရာကန်ကျေးရွာ မြေသားမိုးရေလှောင်ကန် ပြန်လည်တူးဖော်ပေးခြင်း လုပ်ငန်းကို လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **အလှမ်းကွာဝေးသော အစွန်အဖျားကျေးရွာများ၌ ဖွင့်လှစ်ထားသည့် တိုက်နယ်ဆေးရုံများတွင် အရေးပေါ်လူနာပို့ဆောင်ရန် လူနာတင်ယာဉ်၊ ယာဉ်မောင်းနှင့် စက်သုံးဆီများ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများတွင် လိုအပ်လျက်ရှိသည့် လူနာတင်ယာဉ်များကို ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတင်ယာဉ်များ ထောက်ပံ့ပေးရန် စီမံချက်များ ရေးဆွဲလျက်ရှိပြီး တိုက်နယ်ဆေးရုံသို့ ဖြည့်ဆည်းပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ မေးမြန်းစဉ်။ (သတင်းစဉ်)



ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး ဖြေကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့ထားသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဝင် ဦးတင်ယုက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခဲ့သည်။ **(သတင်းစဉ်)**

# နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ ဆွေးနွေး



**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ ညနေ ၆ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာယန်ကျင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာယန်ဟို့လန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ၏ ၂၀၁၁ ခုနှစ် တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နှစ်ပေါင်းရှည်ကြာ တည်ဆောက်လာခဲ့သည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို အခြေခံကာ ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဆင့် ဆက်ဆံရေးကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြား ခေါင်းဆောင်ပိုင်း၊ လွှတ်တော်ပိုင်းတွင်သာမက အဆင့်မြင့် အရာရှိများအကြား အပြန်အလှန်ခရီးစဉ်များ ပိုမိုဖြစ်ထွန်းလျက်ရှိမှု၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးအပါအဝင် ဘက်စုံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလျက်ရှိမှု၊ စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အကူအညီများပေးအပ်ခဲ့မှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဝင်ရောက်စွက်ဖက်ခြင်း မပြုသည့် မူဝါဒကို အစဉ်တစိုက် ကျင့်သုံးပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများအပေါ် ရင်းနှီးစွာ ဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ညပိုင်းတွင် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့အား ရွှေစံအိမ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၆ ခုနှစ်၊ လ ရက်**

**( ၂၀၁၅ ခုနှစ်၊ လ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၂၃-က၊ ပုဒ်မခွဲ (၃)တို့ကို ပယ်ဖျက်ရမည်။

၃။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄၃-က တွင်ပါရှိသော "not exceeding one month's imprisonment, or two hundred rupees fine, or both." ဆိုသည့် စကားရပ်အစား "not exceeding three month's imprisonment, or three hundred thousand kyats fine, or both."ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

✻ *ကျောဖုံးမှ*

၁၀ မိနစ် နောက်ပိုင်းမှာ ယူ-၂၃ အသင်း ကစားကွက်ပြန်မိကာ ပြန်လည် ထိုးဖောက်လာနိုင်ခဲ့သည်။ ၂၁ မိနစ်တွင် ယူ-၂၀ အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ရန်လင်းအောင် ဖန်တီးပေးသော ဘောလုံးကို ရန်နိုင်ဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ခြောက်မိနစ်အကြာတွင် ယူ-၂၃ အသင်း ချေပဂိုးပြန်ရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် ယူ-၂၃ အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် ကောင်းဆက်နိုင်က ဒုတိယ ဂိုးသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ယူ -၂၃ အသင်းကသာ ပွဲကိုစိုးမိုးထားခဲ့ပြီး ယူ-၂၀ ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၇၄ မိနစ်တွင် ယူ-၂၃ အသင်း တတိယဂိုးရရှိခဲ့ပြီး ကွင်းလယ်လူ ရဲကိုဦးက အဝေးမှကန်သွင်းခဲ့ခြင်း ဖြစ်သည်။ အောင်သူ ဝင်လာပြီး နောက်ပိုင်း မြန်မာယူ-၂၀ အသင်း တိုက်စစ်ကစားပုံ ပိုကောင်းလာသော်လည်း ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

## ဥရောပလိဂ်များ ဘောလုံးပွဲ အနိုင်အရှုံး ၁၁-၅-၂၀၁၅

| | | | | | |
|---|---|---|---|---|---|
| ချယ်လ်ဆီး | ၁-၁ | လီဗာပူး | ပါးမား | ၂-၂ | နာပိုလီ |
| လာဇီယို | ၁-၂ | အင်တာ | မာဆေး | ၂-၁ | မိုနာကို |
| အမ်ပိုလီ | ၂-၃ | ဖီအို | ဆယ်တာဗီဂို | ၁-၁ | ဆီဗီလာ |

## အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အခမဲ့ဖွင့်လှစ်

**နေပြည်တော် မေ ၁၁**

ဟိုတယ်ကဏ္ဍတွင် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရန်အတွက် ရန်ကုန်နှင့် နေပြည်တော်မြို့များရှိ မိတ်ဖက်ဟိုတယ်များ တွဲဖက်၍ ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းပို့ချမှု ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက်က နေပြည်တော်ရှိ Sky Palace ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သင်တန်းတွင် ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့မှ သင်တန်းသားသင်တန်းသူ ၉၈ ဦးကို ရွေးချယ်သင်ကြားပေးမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်လည်း အင်းစိန်၊ ဒလ၊ မြောက်ဥက္ကလာပ၊ လှိုင်သာယာ လေးမြို့နယ်တို့မှ ရွေးချယ်သင်ကြားပေးသွားမည်ဖြစ်သည်။

"အခုဖွင့်လှစ်တဲ့ သင်တန်းမှာ ဧည့်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အခမဲ့ သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒီလိုမျိုးသင်တန်းတွေကို ဒီနှစ်ထဲမှာ သုံးကြိမ်ဖွင့်လှစ်ဖို့ ရှိပါတယ်။ အခုသင်တန်းကတော့ ပထမဆုံးအကြိမ်ပါ။ သင်တန်းလာတက်တဲ့ သင်တန်းသား သင်တန်းသူတွေ အဆင်ပြေဖို့အတွက် နေ့လယ်စာ ကျွေးပြီးတော့ အသွားအပြန်ကြိုပို့ပေးသွားမှာပါ။ သင်တန်းကာလ ခုနစ်ပတ်ကြာမြင့်မှာဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်အတွင်းမှာလည်း တစ်နေ့ကို ငွေကျပ် ၃၀၀၀ ပေးသွားမှာပါ။ သင်တန်းဆင်းပွဲနေ့မှာတော့ အလုပ်အကိုင်အခွင့်အလမ်းအတွက် အလုပ်အကိုင်ပြပွဲလေး လုပ်ပေးသွားမှာပါ"ဟု Swisscontact မှ Training Coordinator ဒေါ်ချိုချိုမာက ပြောခဲ့သည်။

"အခုသင်တန်းကတော့ အခမဲ့သင်ကြားပေးတာဖြစ်ပါတယ်။ ဒီသင်တန်းကို မတက်မီ မြို့ထဲမှာ အကြိုသင်တန်းတက်ရတယ်။ အကြိုသင်တန်းတက်ရတုန်းက တစ်ရက်ကို လေးထောင်ပေးတယ်။ အခုသင်တန်းမှာတော့ တစ်ရက်ကို ၃၀၀၀ ပေးရတယ်။ သင်တန်းကာလအတွင်း ဟိုတယ်တွေမှာ လေ့ကျင့်သင်ကြားရမှာပါ။ အလုပ်အကိုင်အနေနဲ့ကတော့ ကြိုးစားရင် ကြိုးစားသလို ခန့်သွားမယ်လို့လည်း ပြောပါတယ်။ အရင်တုန်းကတော့ အလုပ်မရှိတော့ စိတ်ညစ်တာပေါ့။ အခုတော့ အသိပညာဗဟုသုတတွေ ရလာပါတယ်။ လယ်ဝေးကနေ သင်တန်းကို ကားအကြိုအပို့လုပ်ပေးတော့ အိုးမကွာအိမ်မကွာသင်ယူရလို့ အများကြီးအဆင်ပြေပါတယ်"ဟု လယ်ဝေးမြို့မှ သင်တန်းသူ မရွှေရည်ဝင်းက ပြောသည်။

အဆိုပါ သင်တန်းကို ၂၀၁၅ ခုနှစ်အတွင်း နှစ်ကြိမ်ထပ်မံပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသားများ တိုးမြှင့်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်း အောင်မြင်စွာ တက်ရောက်ပြီးသူများ အနေဖြင့် အသိအမှတ်ပြု လက်မှတ်များ ရရှိမည်ဖြစ်သည်။



**ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်**
**(မြန်မာ့အလင်း)**

## မြစ်သာရေလှောင်တမံစီမံကိန်း ရေဝပ်ဧရိယာအတွင်းကျရောက်သည့် ကျေးရွာများမှနေအိမ်များ ကျေးရွာသစ်သို့ ပြောင်းရွှေ့ပြီးစီး

**ဂန့်ဂေါ မေ ၁၁**

ဧပြီ ၂၉ ရက်မှစတင်၍ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ စီမံကိန်းရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကျေးရွာများမှ နေအိမ်များကို ကျေးရွာသစ်နေအိမ်များသို့ တာဝန်ရှိအဖွဲ့အစည်းများနှင့် ဒေသခံများပူးပေါင်း၍ ပြောင်းရွှေ့ နေရာချထားပေးမှုများ ဆောင်ရွက်ခဲ့ရာ ပြောင်းရွှေ့ခံဒေသခံပြည်သူများကို လျော်ကြေးနှင့် ပြောင်းရွှေ့စရိတ် ငွေကျပ်သိန်းပေါင်း လေးသောင်းလေးထောင်ကျော် ပေးအပ်နိုင်ခဲ့ပြီး မေ ၉ ရက် ညနေ ၄ နာရီက ကျေးရွာသစ်သို့ ပြောင်းရွှေ့မှုများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပနန်းကျေးရွာတွင် အိမ်ခြေ ၁၃၅ လုံး၊ လူဦးရေ ၆၈၉ ဦး၊ ယင်းမာကျေးရွာတွင် အိမ်ခြေ ၆၇ လုံး၊ လူဦးရေ ၃၀၀၊ စင်ပုံကျေးရွာ အိမ်ခြေ ၉၆ လုံး၊ လူဦးရေ ၅၂၆ ဦး၊ စပယ်ကျေးရွာတွင် အိမ်ခြေ ၇၇ လုံး၊ လူဦးရေ ၄၆၉ ဦး၊ စုစုပေါင်းအိမ်ခြေ ၃၇၅ အိမ်၊ လူဦးရေ ၁၉၈၄ ဦးတို့ နေထိုင်ခဲ့ပြီး မြစ်သာရေလှောင်တမံစီမံကိန်း ရေဝပ်ဧရိယာအတွင်း ကျရောက်မှုကြောင့် ယင်းတို့၏ မြေယာများ၊ နှစ်ရှည်ပင်များ အကျိုးခံစားခွင့် ဆုံးရှုံးခဲ့မှုကြောင့်လည်းကောင်း၊ ဆန်စက်၊ ဆီစက်လုပ်ကိုင်သူများ၏ လုပ်ငန်းပြောင်းရွှေ့မှု နစ်နာချက်များအရလည်းကောင်း၊ နိုင်ငံတော်အစိုးရတာဝန်ရှိသူများက အစားထိုးဆောက်လုပ်ပေးခဲ့သော နေအိမ်သစ်များသို့ ပြောင်းရွှေ့အခြေချနေထိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းငွေကျပ်သိန်း ၄၄၁၆၃ ဒသမ ၃၈ နှင့် ဆန်အိတ် ၂၆၃၀၊ ကိုးပြည် သုံးဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြောင်းရွှေ့မှုလုပ်ငန်းများတွင် ဂန့်ဂေါခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်း ၆၀၊ မင်းရွာ အညာတော၊ ဖက်ဝန်း၊ မောလယ်၊ ကြာပတ်ကျေးရွာတို့မှ ဒေသခံပြည်သူ ၂၀၀ ခန့်၊ မြစ်သာတမံစီမံကိန်းမှ ပစ္စည်းသယ်ပို့ယာဉ် ၄၂ စီးနှင့် ဆည်မြောင်းဝန်ထမ်း ၃၂၀ နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ စုပေါင်းအင်အားများဖြင့် ကျေးရွာသစ်များရှိ အစားထိုးဆောက်လုပ်ပေးထားသည့် နေထိုင်ခွင့်ရနေအိမ်များသို့ ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်ပြီး ပြောင်းရွှေ့ပြည်သူများ၏ အခြေခံလူမှုဘဝလိုအပ်ချက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် စီမံခန့်ခွဲမှုများဆောင်ရွက်လျက်ရှိကြောင်း ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဇေယျာတု(မကွေး)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ YugoImport ကုမ္ပဏီနှင့် Museum of Yugoslav History တို့သို့ ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၁၁**

ဆားဗီးယားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် မေ ၁၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် Yugo-Import ကုမ္ပဏီသို့ ရောက်ရှိပြီး ကုမ္ပဏီ အစည်းအဝေးခန်းမတွင် Mr. Aleksandar Lijakovic က ကုမ္ပဏီ၏ ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ **(ယာပုံ)**

ယင်းနောက် Museum of Yugoslav History သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရောက်ရှိပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

Museum of Yugoslav History သည် ဆားဗီးယားနိုင်ငံရှိ အမျိုးသားရေးဆိုင်ရာ သမိုင်းဝင်ပြတိုက်တစ်ခုဖြစ်ပြီး ၃ ဒသမ ၂ ဟက်တာအကျယ်ရှိသည့် ပန်းခြံတစ်ခုအတွင်းတည်ရှိကာ သမ္မတမာရှယ်တီးတိုးနှင့် ဇနီးတို့အား ဂုဏ်ပြုအထိမ်းအမှတ် အုတ်ဂူထားရှိသည့်နေရာလည်းဖြစ်သည်။ ၂၀ ရာစုကာလအတွင်းရှိ ယူဂိုဆလား ဗီးယားနိုင်ငံ၏ သမိုင်းကြောင်းကို ပုံဖော်ထားသော ပစ္စည်းအမျိုးပေါင်း နှစ်သိန်းကျော် စုဆောင်းပြသထားသည်။ အဆိုပါပြတိုက်သည် ၁၉၆၀ပြည့်နှစ်တွင် မာရှယ်တီးတိုး၏ နှစ် ၇၀ ပြည့်မွေးနေ့ကို ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ထားသည့် May-25 Museum နှင့် ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်သည့် Museum of the Revolution တို့ကို ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြတိုက်တစ်ခုဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**



# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ဖွင့်လှစ်ခြင်းမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး မဟာဗျူဟာစီမံကိန်းပါကဏ္ဍတစ်ရပ်ကို အကောင်အထည်ဖော်ခြင်းဖြစ်



**နေပြည်တော် မေ ၁၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၁၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ရွေးကောက်ပွဲသည် နိုင်ငံတော်တွင် အသက်တမျှ အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပထမအကြိမ် လွှတ်တော်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၉၀ ကြိုတင်၍ ရွေးကောက်ပွဲကို ကျင်းပပေးရမည် ဖြစ်သဖြင့် အောက်တိုဘာလ နောက်ဆုံးပတ်(သို့မဟုတ်) နိုဝင်ဘာလ ပထမပတ်တွင် ကျင်းပပေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် အရည်အချင်းပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်လျာထားမှသာ လွှတ်တော်အတွင်း အရည်အချင်းပြည့်ဝသော ကိုယ်စားလှယ်များ ရောက်ရှိပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်ကြောင်း၊ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းစောင့်ကြည့်လေ့လာရေး၊ လူမှုအဖွဲ့အစည်းများဖြင့် စောင့်ကြည့်လေ့လာ အကဲဖြတ်စေမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပဋိပက္ခဖြစ်ပွားမှုမရှိအောင်၊ လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်မတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကို လေ့လာဖော်ထုတ်ပြီး ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ စီမံခန့်ခွဲသည့် နည်းစနစ် (ERM Tool )ကို အသုံးပြု၍ စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အနေဖြင့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်သဖြင့် ၎င်းအဖွဲ့အစည်းတွင် ပါဝင်မည် မဟုတ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရွေးကောက်ပွဲနှင့် ပတ်သက်သော ပဋိပက္ခ ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ၂၀၁၃ ခုနှစ်မှ စတင်၍ မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈)ကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း ယခုရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ဖွင့်လှစ်ခြင်းမှာလည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းပါကဏ္ဍတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သင်တန်း၏ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင်ရှိကြသည့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ပြီး မိမိတာဝန်ယူရမည့် လုပ်ငန်းပိုင်းတွင် ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်စေရန်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပပေးနိုင်စေရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈) နှင့် ပတ်သက်၍လည်းကောင်း၊ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ကန့်ကွက်ခြင်း၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်မဲရုံကိုယ်စားလှယ်များ ခန့်ထားခြင်း၊ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဆန္ဒမဲရေတွက်ခြင်းနှင့် အနိုင်အရှုံး အတည်ပြုကြေညာခြင်း၊ ကော်မရှင်၏လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲကန့်သတ်လွှာများ တင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်းတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ၊ လွှတ်တော်(၃)ရပ်ဖွဲ့စည်းပုံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဖွဲ့စည်းခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ကြေညာခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိခြင်းနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း၊ မဲစာရင်းပြုစုခြင်းတို့နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးပို့ချပြီးနောက် သင်တန်းသားများ၏ ဆွေးနွေး မေးမြန်းချက်များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ) (သတင်းစဉ်)**

# မြန်မာနိုင်ငံ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အီးယူပါဝင်မည်

မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အီးယူက စီမံကိန်းအသစ်တစ်ခုဖြင့် ပါဝင်မည်ဖြစ်ကြောင်း၊ ယူရို သန်း ၂၀ (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ သန်း)ရှိသော ယင်းစီမံကိန်းအသစ်ချမှတ်ရခြင်းမှာ မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်မွေးမြူရေးသည် အလွန်အရေးပါ ထိရောက်သည်ဟု ယူဆထားသည့်အတွက်ကြောင့် ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာက မကြာသေးမီက ပြောကြားသည်။

အီးယူအနေဖြင့် ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံဆိုင်ရာ ပထမဦးဆုံးအီးယူသံအမတ်ကြီးကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့ပြီးနောက် မကြာမီ မြန်မာနိုင်ငံမှထွက်ရှိသော ကုန်ပစ္စည်းအချို့ကို အီးယူသို့ တင်ပို့ခွင့်ပြုခဲ့ကြောင်း၊ ယင်းကုန်ပစ္စည်းများထဲတွင် ငါး၊ ပုစွန်အစရှိသည့် ရေထွက်ပစ္စည်းများလည်းပါဝင်ကြောင်း ၊ ထိုအချိန်မှစပြီး အီးယူသည် မြန်မာ့ရေထွက်ပစ္စည်းများ တင်ပို့သည့်နေရာတစ်ခု ဖြစ်လာခဲ့ကြောင်း ဆိုသည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာက အီးယူသည် မြန်မာ့ရေထွက်ပစ္စည်း ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လိုသည့် ဆန္ဒရှိသည်နှင့်အညီ ယင်းရေထွက်ပစ္စည်းများ အီးယူသို့ တင်ပို့နိုင်သည့် စွမ်းပကားကို မြှင့်တင်ပေးပါကြောင်း ပြောကြားသည်။

မြန်မာ့ငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးဖြစ်သူ ဦးဝင်းကြိုင်က ယခုအခါ မြန်မာနိုင်ငံတွင် အီးယူမှ ပညာရှင်တစ်ဦး ရောက်ရှိနေပြီး မြန်မာနိုင်ငံရှိ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများအပေါ် လေ့လာမှုများ ပြုလုပ်နေကြောင်း ဆိုသည်။

အီးယူက ကမကထပြုလုပ်မည့် မြန်မာ့ရေထွက်ပစ္စည်း ဖွံ့ဖြိုးရေးစီမံကိန်းသည် အီးယူပညာရှင်၏ တွေ့ရှိချက်နှင့် မြန်မာ့ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အကြံပြုချက်များ ရယူစုဆောင်းပြီးသည်နှင့် စတင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ ငါး၊ ပုစွန်မွေးမြူရေး အတွက်အသုံးပြုမြေ အကျယ်အဝန်းမှာ ၁၉၉၁ ခုနှစ်က ၁၂၂၂၅ ဟက်တာသာရှိသော်လည်း ၂၀၁၃ ခုနှစ်တွင် ၁၈၀၆၁၄ ဟက်တာသို့ ရောက်ရှိလာကြောင်း၊ ထိုကာလအတွင်း ရေထွက်ပစ္စည်း ပမာဏမှာလည်း ၆၃၉၇ မက်ထရစ်တန်မှ ၉၄၄၈၀၉ မက်ထရစ်တန်သို့ ရောက်ရှိလာကြောင်း သိရသည်။

ဝရဇိန်

# ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်ပါ

ဒေါက်တာစိုးလွင်ငြိမ်း

ခွေးရူးပြန်ရောဂါသည် လူသားတို့၏သမိုင်းကြောင်းတွင် အလွန်ရှေးကျသောရောဂါများအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ခွေးရူးပြန်ရောဂါသည် ခွေးရူးပြန်ရောဂါ ဗိုင်းရပ်စ်တစ်မျိုးကြောင့် ဖြစ်ပွားသောရောဂါဖြစ်သည်။ ၎င်းရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်သောရောဂါတစ်မျိုးဖြစ်ပါသည်။ ခွေးရူးပြန်ရောဂါဗိုင်းရပ်စ်ပိုးသည် ကနဦး ခွေးရူးပြန်ဖြစ်နေသော သတ္တဝါ၏တံတွေးထဲတွင်ရှိနေပြီး တစ်စုံတစ်ယောက်အားကိုက်ခြင်း၊ ကုတ်ခြစ်ခြင်းအားဖြင့် ကူးစက်စေပါသည်။ လူတွင် ခွေးရူးပြန်ရောဂါဖြစ်၍ ရောဂါလက္ခဏာများစတင်ပြသပြီဆိုလျှင် ပျောက်ကင်းအောင်ကုသနိုင်သည့်ဆေးကုသမှုမျိုး ယနေ့တိုင် မရှိသေးပါ။ ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ကာကွယ်နိုင်ပါသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် ခွေးရူးပြန်ရောဂါကြောင့် လူပေါင်း (၅၀,၀၀၀) ခန့်သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သောစာရင်းများအရ သိရှိရပါသည်။ အရှေ့တောင်အာရှဒေသ၌ လူတွင် ခွေးရူးပြန်ရောဂါဖြစ်ခြင်း၏ (၉၆%)သည် ခွေးကိုက်ခြင်းကြောင့်ဖြစ်သည်။ သို့သော် ကြောင်၊ မြွေပါ၊ မြေခွေး၊ ခွေးအ၊ ဝံပုလွေနှင့် အခြားအသားစားတိရစ္ဆာန်များကိုက်၍ ရောဂါကူးစက်နိုင်ပါသည်။ မျောက်နှင့် ကြွက်ကိုက်၍ ဖြစ်ပွားခြင်းမှာ အလွန်နည်းပါးသည်။ မြင်းနှင့် မြည်းတို့ ခွေးရူးပြန်လျှင် အလွန်အမင်းရန်လိုပြီး ရက်စက်စွာကိုက်ခဲတတ်သည်။ ကျွဲ၊ နွားများရောဂါဖြစ်လျှင် မကိုက်တတ်ကြပေ။ သို့ရာတွင် ၎င်းတို့သွားရည်များကျဆင်းပြီး နေမကောင်းဖြစ်နေလျှင် သတိကြီးစွာ ထားရမည်ဖြစ်သည်။

ခွေးရူးပြန်ရောဂါ၏ ရောဂါပျိုးရက် (Incubation Period)မှာ ရက် အနည်းငယ်မှ လပိုင်းအထိ အချို့ဆိုလျှင် တစ်နှစ်ခန့်အထိ ရှိတတ်ပါသည်။ ရောဂါပျိုးရက်ဆိုသည်မှာ ခန္ဓာကိုယ်ထဲ ရောဂါပိုးဝင်ရောက်သည့်အချိန်မှ ရောဂါလက္ခဏာပြသည့်အချိန်ကာလကို ဆိုလိုပါသည်။

အကိုက်ခံရသော နေရာ၊ လည်ပင်း၊ ဦးခေါင်းနှင့် အာရုံကြောထူထပ်သော လက်ချောင်းကလေးများကို အကိုက်ခံရပါက ရောဂါပျိုးရက် တိုတောင်းပြီး ကျန်ဦးနှောက်၊ အာရုံကြောရိုးမကြီးနှင့် ဝေးရာတို့တွင် အကိုက်ခံရပါက ရောဂါပျိုးရက် ပိုမိုကြာမည်ဖြစ်ပါသည်။


ခွေးရူးပြန်သောခွေးတွင်တွေ့ရှိနိုင်သော ရောဂါလက္ခဏာများမှာ ရန်လိုခြင်းမရှိဘဲကိုက်ခြင်း၊ သာမန်မဟုတ်သောပစ္စည်းများ (တုတ်၊ သံချောင်း၊ မစင်စသည်)တို့ကိုကိုက်ခြင်း၊ အကြောင်းမဲ့ပြေးလွှားနေခြင်း၊ အသံပြောင်းလဲလာခြင်း၊ ဥပမာ-အသံသြကြီးခြင်းဖြင့် ဟောင်ခြင်း၊ မာန်ဖီခြင်း သို့မဟုတ် အသံမပြုနိုင်ခြင်း၊ ပါးစပ်မှ သွားရည်တများများကျခြင်း၊ အမြှုပ်တစီစီ ထွက်ကျခြင်းဖြစ်ပြီး လူတွင် ခွေးရူးပြန်ရောဂါဖြစ်ပါက ခွေးကိုက်ခံရသောနေရာတွင် နာကျင်ခြင်း၊ ယားယံခြင်းတို့ကို ခံစားရသည်။ (၈၀% သော လူနာတွင်တွေ့ရသည်) ဖျားခြင်း၊ နွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းတို့ကို နှစ်ရက်မှ လေးရက်ခန့် ခံစားရတတ်သည်။ ရေကိုမကြည့်ရဲ၊ မသောက်ရဲပဲ ကြောက်လန့်နေ (Hydrophobia) တတ်သည်။ အသံ၊ အလင်းရောင်၊ လေတိုက်ခြင်း (ပန်ကာသို့မဟုတ် ယပ်တောင်လေ)တို့ကိုခံနိုင်ခြင်းမရှိ သေတော့မည်ကို ကြောက်ရွံ့နေခြင်း၊ စိတ်ဆိုးဒေါသထွက်ခြင်း၊ သည်းမခံနိုင်ခြင်းနှင့် စိတ်ဓာတ် ကျဆင်းခြင်း၊ ထူးကဲစွာ တုံ့ပြန်တတ်ခြင်း၊ ရောဂါရင့်လာသည့်အခါ ရေကိုမြင်ရုံမျှဖြင့် လည်ပင်း၊ လည်ချောင်းတစ်လျှောက် ကြွက်သားများညှစ်သဖြင့် လည်ပင်းဆို့ခြင်း၊ ရောဂါခံစားရသည့်ကာလသည် နှစ်ရက်သုံးရက်ခန့်ရှိသည်။ အရေးပေါ်ကြပ်မတ်ကုသမှုကို ရရှိလျှင် ငါးရက်မှ ခြောက်ရက်အထိ ခံစားရသည်။ ခွေးရူးပြန်ရောဂါစဖြစ်ပြီးဆိုလျှင် ပျောက်ကင်းအောင် ကုသနိုင်သော နည်းလမ်းမရှိပါ။ လူနာသက်သာစေရန်၊ နာကျင်မှုများသက်သာစေရန်နှင့် စိတ်လှုပ်ရှားမှုကိုသက်သာစေရန်သာ ပံ့ပိုးဆောင်ရွက်ပေးနိုင်တော့သည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ပြည်သူလူထုအား ကူးစက်ရောဂါဖြစ်ပွားမှုများမှ ကာကွယ်ပေးနိုင်ရန်အတွက် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပြည်သူလူထုတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ခွေးရူးပြန်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ခွေးရူးပြန်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား ၁၉၉၇ ခုနှစ်မှစတင်၍ စောင့်ကြပ်ကြည့်ရှုရသောရောဂါ (၁၇)မျိုးတွင်ထည့်သွင်း၍ လစဉ် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှ ဗဟိုအထိ အဆင့်ဆင့်သတင်းပို့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။


ခွေးရူးပြန်ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးပညာပေးခြင်း၊ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသိပေးဆွေးနွေးပွဲများကျင်းပခြင်းလုပ်ငန်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၂ ခုနှစ် ဇူလိုင်လမှစတင်၍ ခွေးကိုက်ခံရသူလူနာများအား ခွေးရူး ရောဂါမဖြစ်ပွားစေရေးအတွက် ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်ရေးအတွက် နိုင်ငံတော်အစိုးရဘဏ္ဍာငွေဖြင့် ဖြည့်တင်းပေးခဲ့ပြီး ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆေးရုံကြီးများ၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်အဆင့်ဆေးရုံများအထိ ဖြန့်ဖြူး၍ ခွေးကိုက်ခံရသော လူနာများအား ခွေးရူးပြန်ရောဂါမဖြစ်စေရေးအတွက် ခွေးရူးပြန်ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိပါသည်။ ထိုသို့ထိုးနှံရာတွင် မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့၏လိုအပ်ချက်ပေါ်မူတည်၍ ဆေးပြတ်လပ်မှုမရှိစေရန် ဖြည့်တင်းပေးလျက်ရှိပါသည်။ နှစ်အလိုက် ခွေးရူးရောဂါကာကွယ်ဆေး ဖြန့်ဖြူးမှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး အလုံး ၁၄၀,၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၄၈ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး အလုံး(၃၀၀,၀၀၀)၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၄၂၉. ၈ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၂၅၀,၀၀၀ လုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၂၇. ၃ သန်း ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါသည်။


၎င်းအပြင် ခွေးရူးကိုက်ခံရသောလူနာများ ခွေးရူးပြန်ရောဂါမဖြစ်စေရေးအတွက် ထိုးနှံပေးသော Immunoglobulin များကိုလည်း နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေဖြင့် ဖြည့်တင်းပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် Immunoglobulin ၁၀၀၀၀ လုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၃. ၅ သန်း နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၇၀၀၀၀)လုံး၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၄၇. ၁ သန်း ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါသည်။




ခွေးရူးပြန်ရောဂါကာကွယ်ဆေး (ARV) နှင့် ခွေးရူးပြန်တုံ့ပြန်ဆေး (Immunoglobulin) ကျန်းမာရေးဝန်ကြီးဌာနမှ ဘဏ္ဍာငွေ ကျခံသုံးစွဲမှုအခြေအနေ




ခွေးရူးပြန်ရောဂါကာကွယ်ဆေး (ARV) နှင့် ခွေးရူးပြန်တုံ့ပြန်ဆေး (Immunoglobulin) ကျန်းမာရေးဝန်ကြီးဌာနမှ ဝယ်ယူမှုအခြေအနေ




ခွေးရူးပြန်ရောဂါ ဖြစ်ပွားသေဆုံးမှုအခြေအနေ

ခွေးရူးပြန်ရောဂါဖြစ်ပွားသူ နှစ်စဉ်ပျမ်းမျှ ၁၅၀ ခန့် ဖြစ်ပွားသေဆုံးလျက်ရှိပြီး ၁၀၀% သေဆုံးခဲ့ပါသည်။ ထို့ကြောင့် ကာကွယ်ဆေးထိုးခြင်းဖြင့်သာ သေဆုံးမှုကို ကာကွယ်နိုင်ပါသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စုစုပေါင်းလူနာ၂,၇၅၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၂,၇၅၂ ဦးရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်မှုကြောင့် ဖြစ်ပွားမှု၊ သေဆုံးမှုလျော့နည်းလာကြောင်းတွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ မြန်မာတစ်နိုင်ငံလုံးတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားသေဆုံးသူ ၁၂ ဦး ရှိခဲ့ပါသည်။ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများအား ဗဟိုမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများသို့ ဖြန့်ဖြူးထားရှိပြီး ၁၁-၅-၂၀၁၅ ရက်နေ့တွင် ဗဟို၌ ဆေးလက်ကျန် အလုံး ၁၂၈,၀၀၀ ရှိကြောင်းနှင့် Immunoglobulin လက်ကျန် ၆၃,၇၈၁ လုံး ရှိကြောင်း သိရှိရပါသည်။

သက်ဆိုင်ရာကျန်းမာရေးဌာနမှလည်း ဆေးပြတ်လပ်မှုမရှိစေရေးအတွက် မိမိဌာနအလိုက်ဝယ်ယူသုံးစွဲပြီး ဗဟိုမှတောင်းခံခြင်းများကို ဆောင်ရွက်သင့်ပါသည်။ ခွေးကိုက်ခံရပါက ဒဏ်ရာအား ဆပ်ပြာ၊ ရေတို့ဖြင့် အနည်းဆုံး ၅ မိနစ်ကြာဆေးပါ။ အနာအား လိုအပ်သောဆေးထည့်ပါ။ ဦးခေါင်း၊ လည်ပင်းနှင့် လက်ချောင်းထိပ်တို့တွင် အကိုက်ခံရပါက ပိုမိုဂရုစိုက်၍ အရေးပေါ်ချက်ချင်းကုသမှုခံယူပါ။ ခွေးကိုက်ခံရပါက ဆေးရုံ၊ ဆေးပေးခန်းများသို့သွားရောက်ပြီး ကာကွယ်ဆေးထိုးနှံခြင်းနှင့် တုံ့ပြန်ဆေး (Immunoglobulin) ထိုးနှံခြင်း အစရှိသည့် ထိရောက်သည့်ကုသမှုများကို ခံယူပါ။ အိမ်မွေးခွေးနှင့် ကြောင်များအား တိရစ္ဆာန်ဆေးကုဆရာဝန်ညွှန်ကြားချက်အတိုင်း ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံပေးပါ။ ခွေး၊ ကြောင် တိရစ္ဆာန်များနှင့် အနီးကပ်ကိုင်တွယ်သူများအား ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးပါ။ **(ခွေးရူးပြန်ရောဂါကာကွယ်ဆေးနှင့်ပတ်သက်၍ အသေးစိတ်မေးမြန်းလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ ဖုန်းနံပါတ် ၀၆၇-၄၃၁၀၅၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ခွေးရူးပြန်ရောဂါဖြစ်ပွားသေဆုံးမှုများအား လျှော့ချနိုင်ရန်အတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများ ပိုမို အားဖြည့်ဆောင်ရွက်ခြင်း၊ အစိုးရဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ခွေးကိုက်ခံရသည့် **လူနာများအား ခွေးရူးပြန်ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ** ခွေးရူးပြန်ရောဂါဖြစ်ပွားသေဆုံးမှုများကာကွယ်နိုင်ရန်အတွက် ပြည်သူလူထုမှလည်း ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်များလိုက်နာဆောင်ရွက်ရန်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ကံမမြို့နယ် စပယ်ခြံကျေးရွာ၌ စပယ်ဖြူစာကြည့်တိုက်ဖွင့်

**ကံမ မေ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စပယ်ခြံကျေးရွာ၌ မေ ၁၀ ရက် နံနက် ၁၀ နာရီက စပယ်ဖြူစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ကျေးရွာအထောက်အကူပြုဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးက သုတရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ကိုးပေရှိ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုမတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာ ပြည်သူအလှူရှင်များ လှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၂၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ညိုညိုဝင်း(မကွေး)**



# ပြန်လည်ဆုံတွေ့ကြဦးစို့

❊ နှစ်ဆယ့်တစ်ကြိမ်မြောက်. . . . ခရီးပေါက်တိုင်
တောက်တောက်ပပ. . . . ထွန်းလင်းလှသည့်
ဆိုကရေးတီး. . . . ပြိုင်ပွဲကြီးလည်း
ပြီးမြောက်အောင်မြင်ခဲ့ပါပြီ. . . .။

❊ ရွှေငွေတွဲလဲ. . . . လည်မှာဆွဲ၍
ဝမ်းနည်းဝမ်းသာ. . . . နှုတ်ဆက်ပါ၏
ခွဲခွာရမည်. . . . ဖြေမဆည်လည်း
ပြန်လည်ဆုံစေ့. . . . နောင်နှစ်ရွှေ့တွင်
တွေ့ကြမယ်လေ. . . . မာပါစေကြောင်း
ဆုခြွေပို့သ. . . . နေမည်ပဟု
ခွန်းဟတုံ့လှယ်ကြတကား. . . .။

❊ အနုပညာ. . . . အလှရှာ၍
ဤမှာပြိုင်ပွဲ. . . . အခြေစွဲ၍
ထဲထဲဝင်ဝင်. . . . ကြိုးစားလျှင်လည်း
အင်သစ်အားသစ်. . . . ခွန်အားဖြစ်အောင်
ချစ်ခင်နွေးထွေး. . . . ပြန်လှန်ဖေး၍
အားပေးနေကြမည်တကား. . . .။

❊ ဆိုကရေးတီး. . . . ပြိုင်ပွဲကြီးမှ
သွေးစည်းချစ်ကြည်. . . . အရင်းတည်၍
ပြည်ထောင်ချစ်စိတ်. . . . ကြည်နူးရိပ်နှင့်
တစ်စိတ်တစ်ဝမ်း. . . . မခွဲမတမ်းဟု
စမ်းရေချိုပေါက်. . . . အတူသောက်သည့်
နောက်နှစ်များကြုံ. . . . ပြန်လည်ဆုံမည့်
ပန်းမှုံမွှေးမွှေး. . . . ရိပ်မြုံလေး၌
ငြိမ်းအေးညင်းညင်း. . . . လေပြည်သင်းနှင့်
သီချင်းဆိုက. . . . ရေးတီးကြရင်း
မြန်မာ့ဘဝ. . . . သုခမကို
အလှဆင်ဖို့ . . . . အားတင်းစို့ဟု
လက်တို့အားပေး. . . . တဖြည်းဖြည်းနှင့်
နွေးမျက်ရည်ဝဲ. . . . လက်ပြဆဲ. . . .။
မိုးရိပ်အောက်မှာ ရွှေ့ရွှေ့ခွဲ. . . .။
နောင်လည်းဆုံကြမည်မလွဲ. . . .။
တစ်ရပ်တည်းနေတစ်မြေတည်း. . . .။
ပြည်ထောင်စုသားရင်းတွေပဲ. . . .။ ။

**မောင်မောင်အေး(အလက်ာဝတ်ရည်)**

# ယှဉ်ပြိုင်သံ၊ အားပေးသံများ ဖုံးလွှမ်းနေသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



အခြေခံပညာ(၁၀-၁၅)အက ကဗျာလွတ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ကဗျာလွတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။

**နေပြည်တော် မေ ၁၁**

တီးလုံးအဝင်၊ စည်းချက်အချ၊ ကကွက်အထွက် ညီညာသော ကဗျာလွတ်ကကွက်။ တူညီဝတ်စုံဖြင့် ပြိုင်ပွဲဝင်နေသော တိုင်းရင်းသူလေးများ၊ မြန်မာ့အခြေခံအက ကဗျာလွတ် ကကွက်တစ်ကွက်ချင်းကို မြန်မာ့ဆိုင်းတီးလုံးနှင့်အတူ ညင်သာနွဲ့ပျောင်းစွာ အဖွဲ့လိုက်ယှဉ်ပြိုင်နေသည့် မြင်ကွင်းကား ကြည်နူးစရာပင်။ (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်ရေဆင်းတက္ကသိုလ်များနယ်မြေ၌ မေ ၁၁ ရက် နံနက်ပိုင်းမှစတင်ကာ ပဉ္စမမြောက်နေ့အဖြစ် ဆက်လက်ဆင်နွှဲကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး ဦးရန်နိုင်ဦးတို့ လိုက်လံအားပေးကြည့်ရှုကြသည်။

ယခုနှစ်ပြိုင်ပွဲမှ ပထမဆုံးအကြိမ်ထည့်သွင်းယှဉ်ပြိုင်သော ကဗျာလွတ်အကပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးမှ ပြိုင်ပွဲဝင်များ တစ်ခဲနက် ပါဝင်ယှဉ်ပြိုင်ကြသည်။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရွှေရတုခန်းမ)၌ ကဗျာလွတ်အကပြိုင်ပွဲကို နံနက်ပိုင်းမှ စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပထမဆုရရှိခဲ့သော ကဗျာလွတ်အဖွဲ့များက ပါဝင်ယှဉ်ပြိုင်သဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိကြသည်။

အဖြူ အစိမ်းဝတ်စုံ၊ တိုင်းရင်းသားတို့ အရောင်ဝတ်စုံများဖြင့် အဖွဲ့လိုက် ကဗျာလွတ်အကပြိုင်ပွဲဝင်ကြရာ အကြိတ်အနယ်ရှိပြီး ပြိုင်ပွဲဝင်အဖွဲ့တိုင်းကို ပရိသတ်များက လက်ခုပ်သံဟိန်းထအောင် အားပေးကြသည်။ ပြိုင်ပွဲဝင်ပြီး စင်မြင့်ထက်မှ ဆင်းလာသော ကဗျာလွတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကချင်ပြည်နယ်မှ မခင်ရတနာကျော်က "အချိန်ယူပြီး လေ့ကျင့်ခဲ့လို့ အခုပြိုင်ပွဲမှာ အမှားအယွင်းမရှိ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ အကုန်လုံးက အတော်တွေချည်းဖြစ်လို့ ပထမဆုအတွက် စိတ်လှုပ်ရှားနေပါတယ်" ဟု ပြောပြသည်။



အဆင့်မြင့်ပညာ(မ) ဒုံမင်းတီးပြိုင်ပွဲတွင် ပဲခူးတိုင်း ဒေသကြီးမှ မဆုပြည့်ဖြိုး ပါဝင်ယှဉ်ပြိုင်စဉ်။

ဆိုင်း တစ်ဦးချင်းပြိုင်ပွဲများကျင်းပရာ သစ်တောသုတေသန (စုဝေးခန်းမ)၌ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်၊ မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆိုင်းတစ်ဦးချင်း အခြေခံပညာ(၁၀-၁၅) ပြိုင်ပွဲဝင် စစ်ကိုင်းတိုင်းမှ မောင်မြင့်မြတ်သူက နိုင်ငံတော်အဆင့် ပြိုင်ပွဲတွင် နှစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်သော်လည်း တတိယရရှိခဲ့ရာ ယခုနှစ်၌ ပထမဆုမျှော်မှန်းထားကြောင်း ပြောပြသည်။ ဆိုင်းဝိုင်းကို နိုင်နင်းကျွမ်းကျင်စွာတီးနိုင်သော ပြိုင်ပွဲဝင်ကလေးငယ်များ၏ စွမ်းရည်ကို မချီးကျူးဘဲ မနေနိုင်။

စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တေးသီချင်း ပြိုင်ပွဲများ ကျင်းပသည်။ အရွယ်နှင့်မလိုက်အောင် အဆိုကောင်းမွန်သော မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များ၏ ယှဉ်ပြိုင်မှုကို အံ့သြရသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် တေးသီချင်းပြိုင်ပွဲသို့ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ပါဝင် ဆင်နွှဲကြသည်။ အကဲဖြတ်ဒိုင်လူကြီးများ ရွေးချယ်ရခက်ခဲမည့် ပွဲပင်ဖြစ်သည်။

သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၌ ကျင်းပသည့် ဒုံမင်းပြိုင်ပွဲတွင် ဝါသနာရှင်( ပထမတန်း) (ကျား)၊ အဆင့်မြင့်ပညာ(မ) စသည့် ပြိုင်ပွဲများကျင်းပသည်။ ယနေ့ လူငယ်များ ရင်းနှီးကျွမ်းဝင်မှုနည်းပါးလာသည့် ဒုံမင်းတီးခတ်မှုကို ပိုင်ပိုင်နိုင်နိုင် တီးခတ်ကာယှဉ်ပြိုင်သည့် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်က အလေးထားစရာပင်ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲကြသည်။

စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)၌ ဂီတာတီးပြိုင်ပွဲကျင်းပရာ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လက်စွမ်းပြတီးခတ်ပြီး ပြိုင်ပွဲဝင်ကြရာ အကောင်းဆုံးဆုအတွက် အားရကျေနပ်အောင် ယှဉ်ပြိုင်နိုင်ခဲ့ကြသည်။

အရေးတေးသီချင်းပြိုင်ပွဲကျင်းပသည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁)၌ ရေးသားသံစဉ်ထည့်သီချင်းတိုက်ပြီးသော ပြိုင်ပွဲဝင်များ၏ တေးသီချင်းများကို သီဆိုယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ပြိုင်ပွဲသို့ ကယား၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်များနှင့် စစ်ကိုင်း၊ မကွေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ၏ တေးသီချင်းများကို အပြိုင်အဆိုင် ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့ရိုးရာ အနုပညာများကို ဝါသနာပါပြီး လေ့လာလေ့ကျင့်ကာ ထူးချွန်စွာ ပါဝင်ယှဉ်ပြိုင်ကြသော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လေ့လာရေးအဖွဲ့များလည်း လိုက်ပါလာပြီး ပြိုင်ပွဲကျင်းပရာ ခန်းမများသို့ အစုအဖွဲ့လိုက် သွားရောက်ကြည့်ရှုအားပေးကြသည်ကို တွေ့ရသည်။ တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ထားသော လေ့လာရေးအဖွဲ့များတွင် နေပြည်တော်၌ ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တစ်ကြိမ်မျှ မရောက်ဖူးသူများလည်း ပါဝင်လာခဲ့သည်။

"ကျွန်တော်က ချင်းတိုင်းရင်းသားဖြစ်ပါတယ်။ နေပြည်တော်ကို ပထမဆုံး ရောက်ခဲ့တာမို့ လေ့လာစရာတွေ အများကြီးရှိပါတယ်။ အခု ဆိုကရေးတီးပြိုင်ပွဲကို လေ့လာခွင့်ရလို့ နေရပ်ပြန်ရောက်တဲ့အခါ အတွေ့အကြုံတွေ ပြန်မျှဝေလို့ရပြီဖြစ်ပါတယ်" ဟု ချင်းတိုင်းရင်းသား မောင်ယောသပ်က ပြောသည်။

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကား ပြိုင်ပွဲဝင်ခန်းမတိုင်း၌ ပြိုင်ပွဲဝင် သီဆိုဟန်၊ ကဟန်၊ တီးခတ်သံများ ဖုံးလွှမ်းလျက်ရှိသည်။ မိမိကိုယ်စားပြု တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဂုဏ်ကို ဆောင်နိုင်ရန် ပြိုင်ပွဲဝင်တစ်ဦးချင်းအလိုက် အိတ်သွန်ဖာမှောက် ကြိုးစားလျက်ရှိသည်။

မေ ၁၂ ရက်တွင်လည်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးနေ့တွင် ပြိုင်ပွဲဝင်တို့၏ အားမာန်အပြည့် ပြိုင်ပွဲဝင်မှုများဖြင့် အကြိတ်အနယ် ဆင်နွှဲကြဦးမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ရထားလမ်းကူး ခုံးကျော်တံတားပေါ်မှ အမျိုးသားတစ်ဦးပြုတ်ကျသေဆုံး

**ရန်ကုန် မေ ၁၁**

မေ ၉ ရက် နံနက်ပိုင်းက သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ဘူတာအနီး လေးထောင့်ကန်ရပ်ကွက်နှင့် ကြီးပွားရေးရပ်ကွက်ကြားရှိ တည်ဆောက်ထားသော သံလမ်းကူး လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာသော အမျိုးသားတစ်ဦး တံတားပေါ်မှ အောက်သို့ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၉ ရက် နံနက် ၉ နာရီက ဦးအေးမြင့် (၇၄နှစ်) ကြီးပွားရေးရပ်ကွက် သံလမ်းအနီး နေထိုင်သော ကျန်းမာရေးမကောင်းသူသည် စံပြဈေးဘက်ခြမ်းမှ ကြီးပွားရေးရပ်ကွက်ဘက်ခြမ်းသို့လာရန် သံလမ်းလူကူး ခုံးကျော်တံတားပေါ်သို့ တက်လာစဉ် အမြင့် ပေ ၁၀ ကျော် ခုံးကျော်တံတားပေါ်မှ တံတားအောက်သို့ ပြုတ်ကျရာ ဦးခေါင်းနှင့်ကြမ်းခင်းဆောင့်မိပြီး မျက်နှာနှင့် ဦးခေါင်း ထိခိုက်ဒဏ်ရာများရရှိကာ နေရာတွင်ပွဲချင်းပြီး သေဆုံးခဲ့သည်။

ဖြစ်ပွားရာသို့ သုဝဏ္ဏနယ်မြေရဲစခန်း စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ ကြီးပွားရေးရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များရောက်ရှိကာ အလောင်းအားစစ်ဆေးပြီး မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။ မိုးရာသီရောက်တော့မည်ဖြစ်ရာ လက်ရန်းပြုတ်ထွက်ကာ ကြမ်းခင်းများ ကြံ့ခိုင်မှုအားနည်းနေသော အဆိုပါလူကူး တံတား(**ယာပုံ**)ကို မိုးမကျမီ အမြန်ဆုံးပြုပြင်တည် ဆောက်ရန် နေ့စဉ်တံတားပေါ်မှ သွားလာသောပြည်သူများ လိုလားလျက်ရှိကြသည်။

(ဝ၂၅)



# တောင်ငူ၌ ငွေစက္ကူအတုများ သိမ်းဆည်းရမိ

**တောင်ငူ မေ ၁၁**

တောင်ငူမြို့နယ် ကံရိုးကျေးရွာအုပ်စု ကံရိုးကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ လျှံလျှံစားသောက်ဆိုင်တွင် ယနေ့မွန်းလွဲ ၂ နာရီခွဲက ငွေစက္ကူအတုများ လဲလှယ်မှုပြုလုပ်ရန် ရောက်ရှိနေကြောင်းသိရှိရ၍ တောင်ငူခရိုင် မှုခင်းရဲတပ်ဖွဲ့မှ ဒုရဲမှူး လှသိန်းစိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်စိုင်းကျော်မျိုးထွန်း၊ ရဲအုပ်စိုးညွန့်နိုင်နှင့် အဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ စားသောက်ဆိုင်၏ သီးသန့်ခန်းအတွင်းရှိ စောအယ်မောင်(၂၂နှစ်) နာလောပိုလီကျေးရွာ လိပ်သိုမြို့နေသူ၏ လွယ်အိတ်အတွင်းမှ ငွေစက္ကူအတု ၅၀၀၀ တန် ၄၁၄ ရွက်၊ ၁၀၀၀၀ တန် ၅၅၄ ရွက်၊ ၁၀၀၀ တန် ရှစ်ရွက် စုစုပေါင်း ငွေကျပ် ၇၆၁၈၀၀၀ နှင့် ဆိုင်ကယ်တစ်စီးတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။

အဆိုပါဖြစ်စဉ်အား တောင်ငူမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သူရ(တောင်ငူ)



## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အတွင်း၌ မြို့တော်အင်္ဂါရပ်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တိုးတက်ကောင်းမွန်အောင် အစိုးရနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက် လျက်ရှိပါသည်။ သို့ရာတွင် နေ့စဉ်သွားလာနေကြသော မော်တော်ယာဉ်များအနက် အချို့သောမော်တော်ယာဉ်များမှာ အသံဆူညံမှုကိုဖြစ်စေသော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်အသုံးပြုနေသဖြင့် ပြည်သူများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်အား အထိတ်တလန့်ဖြစ်ခြင်းတို့ ကြုံတွေ့နေရပါသည်။

၂။ သို့ပါ၍ အဆိုပါ စည်းကမ်းမဲ့ယာဉ်များအား တည်ဆဲဥပဒေနှင့်အညီ စစ်ဆေးအရေးယူခဲ့ရာ၌ ယာဉ်သက်တမ်း(၁)လ ပိတ်သိမ်းဆောင်ရွက်ခဲ့သော်လည်း စည်းကမ်းလိုက်နာမှုအားနည်းနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထပ်မံ၍ စည်းကမ်းချိုးဖောက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို တည်ဆဲဥပဒေနှင့် အညီ အနည်းဆုံး(၁)နှစ် ရပ်စဲမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မိုင်းပန်မြို့၌ လူနေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွား

**မိုင်းပန် မေ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်၌ မေ ၁၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်က ဖယောင်းတိုင်မီး(ပေါ့ဆမီး)ကြောင့် လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လင်းခေးခရိုင် မိုင်းပန်မြို့ အနောက်ရပ်ကွက် (ဈေးဟောင်းလမ်း)နှင့် မြို့ရှောင်လမ်းဆုံနေရာနေ အိမ်ရှင် ဒေါ်မြင့်မြင့်လှိုင်(၄၆ နှစ်)၏ နေအိမ်၌ ဖယောင်းတိုင်ဖြင့် (ဘုရားမီးပူဇော်)ခဲ့ပြီး အိမ်ရှင်မိသားစုသည် ၄င်းအိမ်နှင့် မနီးမဝေးအိမ်သို့ ညအိပ်သွားရောက်ရာ ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် အဆိုပါနေအိမ် မီးလောင်ခဲ့ပြီး အခြားအိမ်များသို့ ကူးစက် လောင်ကျွမ်းမှုမရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဖြစ်စဉ်နေရာသို့ မိုင်းပန်မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အနီးရှိရပ်ကွက် ပြည်သူများက ချက်ချင်းလာရောက်၍ ဝိုင်းဝန်းကူညီပေးကြသဖြင့် ယင်းည ၁၂ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အိမ်ရှင်ဒေါ်မြင့်မြင့်လှိုင်အား အရေးယူ ဆောင်ရွက်သွားနိုင်ရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **စိုင်းဇော်လတ် (iprd)**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တင်ဒါခေါ်ယူရေးအဖွဲ့
## မွန်ပြည်နယ်
## ပရိဘောဂ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အခြေခံပညာဦးစီးဌာန၊ ငွေလုံးငွေရင်းခေါင်းစဉ်ဖြင့် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံ(၅၇၈)စုံ ပြုလုပ်ရန် ပရိဘောဂလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) စာရေးခုံ(မူလတန်း) (၄)ယောက်ထိုင်(နိမ့်)(၆ပေ×၁၄ပေ×၂ပေ)
(ခ) ထိုင်ခုံ(မူလတန်း) (၄)ယောက်ထိုင်(နိမ့်)(၆ပေ×၁ပေ×၁ပေ)

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၅-၂၀၁၅ ရက်၊ သောကြာနေ့၊ ၁၆း၀၀ နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

(က) တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၅၇-၂၅၉၁၅
(ခ) မွန်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ဖုန်း-၀၅၇-၂၇၁၄၉၊ ၀၅၇-၂၄၈၃၇

**တင်ဒါခေါ်ယူရေးအဖွဲ့၊ မွန်ပြည်နယ်**

## သန်းဌေးနှင့်ရောင်းရင်းများ ၏ *နှစ်သစ်ခရီးစဉ်များ*

MAY - 15/22/29, JUN - 5/12/19/26 ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)

▲ ပုဂံ၊ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ထမ်ခမ်း (၄) ရက်။ ▲ မော်လမြိုင်၊ ကျိုက္ကမီ၊ ထားဝယ်ရှင်ကိုးရှင် (၆) ရက်။
▲ သရေခေတ္တရာ၊ ပိသနိုး၊ ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့၊ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။
▲ ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။
▲ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံဂူ (၅) ဂူ၊ မဲလဲဆံတော်ရှင်ဖူး (၂) ရက်။ ▲ ဘားအံဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဖူး၊ ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ပြည်၊ အကောက်တောင်၊ နဂါးရုပ်တောင်ဆရာတော်ဖူး။ ▲ (ဇလွန်)၊ (မဲလဲဆံတော်ရှင်၊ ကျောက်ပိရဟန္တာဖူး)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ
▲ ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟမဟာစေတီစေတီတော်၊ ဆာဟာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း (နေ့ချင်းပြန်) ကြိုတင်လက်မှတ်ရောင်းပြီ။

ဝင်ရှင်း (၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

**တစ်ဦးတည်း ဖြစ်ကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အမှတ် (၄) ရပ်ကွက်၊ (၁၁)လမ်းနေ MARIA AROKIAM ၏သား ANTHONY ၁၄/ကလန(ပြု)၀၀၀၆၁၅ နှင့် မောင်ဖြိုးဝေထက်သည် တစ်ဦးတည်းဖြစ်ကြောင်း အမည်ဖြည့်စွက်ပါသည်။ **ANTHONY (ခ)မောင်ဖြိုးဝေထက်**

## ၈-၅-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ လေလံကြော်ငြာအား အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပေးပါရန်

## သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ပုံစံ(၈)ဝင် ကျွန်း(သစ်လုံး/ခွဲသား/တိုင်/တံခါးအပိုင်းအစ/ပွတ်လုံး/ပရိဘောဂအပိုင်းအစ)၊ သစ်မာ၊ အခြား(သစ်လုံး/ခွဲသား/တိုင်)၊ ပိတောက် (ပါကေး)နှင့် ထင်း လေလံတင်ရောင်းချရန်ကြေညာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင် ကျွန်း (သစ်လုံး/ခွဲသား/တိုင်/တံခါးအပိုင်းအစ/ပရိဘောဂအပိုင်းအစ/ပွတ်လုံး)၊ သစ်မာ၊ အခြား (သစ်လုံး/ခွဲသား/တိုင်)နှင့် ထင်းများကို ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၁-၅-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်အနေဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | မြို့နယ် | လေလံတင်ရောင်းချမည့်ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | အင်းစိန်မြို့နယ် | ကျွန်း(တံခါးအပိုင်းအစ/ပွတ်လုံး) |
| ၂။ | မှော်ဘီမြို့နယ် | ကျွန်း(တံခါးအပိုင်းအစ/ပရိဘောဂ) |
| ၃။ | တိုက်ကြီးမြို့နယ် | ကျွန်း(သစ်လုံး/ခွဲသား/တိုင်)<br>သစ်မာ၊ အခြား(သစ်လုံး/ခွဲသား/တိုင်) |
| ၄။ | လှည်းကူးမြို့နယ် | ကျွန်း(တံခါးအပိုင်းအစ/ပရိဘောဂအပိုင်းအစ)၊<br>ပိတောက်(ပါကေး) ထင်း |
| ၅။ | ထန်းတပင်မြို့နယ် | ကျွန်း(သစ်လုံး/ခွဲသား) |

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၁-၅-၂၀၁၅ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၁-၆၈၃၅၆၅ နှင့် သက်ဆိုင်ရာမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**




**တစ်ဦးတည်းဖြစ်ကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ၁၁ လမ်းနေ MARIA AROKIAM ၏သား NOEL ၁၄/ကလန(ပြု)၀၀၀၄၂၆ နှင့် မောင်နေဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **NOEL (ခ)မောင်နေဝင်း**

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

# ရန်ကင်းတောင်တော် ဇီဝိတဒါန ဆေးခန်းဖွင့်ပွဲကျင်းပ



**ပုသိမ်ကြီး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ရန်ကင်းတောင်တော် ဇီဝိတဒါန ဆေးခန်း ဖွင့်ပွဲအခမ်းအနားသို့ မေ ၉ ရက်က ကျင်းပသည် ။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့ (သုဓမ္မာ) အကျိုးတော်ဆောင် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိကဝံသ၊ ပုသိမ်ကြီးမြို့ မြကျောက်ဆရာတော် ဘဒ္ဒန္တရေဝတ၊ ဗဟိုမြို့မစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအရိယဝံသ အမှူးပြုသော သံဃာတော်များ၊ ဆေးခန်းတည်ဆောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးငွေးဝင်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဇီဝိတဒါန ဆေးခန်းကို မန္တလေး တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ ရန်ကင်းတောင်တော်ပိုင် ဆရာတော် မဟာဗောဓိဘဒ္ဒန္တရေဝတ၊ ဆေးခန်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးငွေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဇီဝိတဒါနဆေးခန်း ကမ္ပည်းမော်ကွန်း ကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြ သည်။

အဆိုပါ ဇီဝိတဒါနဆေးခန်းတွင် ရဟန်းရှင်လူပြည်သူများ အခမဲ့ ဆေးကုသနိုင်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၂/တောင်ရပ်ကွက် မာန်ပြေလုံးဆိုင်ရာ ပုညကုသလဓမ္မာရုံ၌ (၁၈)ကြိမ်မြောက် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြပြီး မေ ၆ ရက် ညနေက ဆရာတော် သံဃာတော်များနှင့် ဓမ္မာရုံအကျိုးဆောင်များ ရပ်ကွက်အတွင်းသို့ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ အလှူခံကြစဉ်။ (၀၂၀)

# အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများပေးအပ်

**ပျဉ်းမနား မေ ၁၁**

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ကျေးလက်နေပြည်သူများသည် မြန်မာတိုင်းရင်းဆေးကိုယုံကြည် အားကိုးအသုံးပြုလျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲကို မေ ၈ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံဗိုလ်မှူးကြီး မြင့်အောင်သန်းက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆေးသေတ္တာများ ဖြန့်ဝေပေးအပ်လျက်ရှိရာ ဂျပန်နိုင်ငံ Nippon Foundation ၏ ကူညီပံ့ပိုးမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ကျေးရွာများအားလုံးအတွက် ကျေးရွာတစ်ရွာလျှင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ တစ်လုံးစီ ဖြန့်ဝေစီမံချက်အရ ပျဉ်းမနားမြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၀ ကို အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဌာနများနှင့် အလှမ်းဝေးကွာပြီး ဆေးရုံဆေးခန်းမရှိသော နေရာများတွင် အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာသုံးစွဲနည်း သင်တန်းများ ပို့ချပေးမည်ဖြစ်သည့်အတွက် ဆေးသေတ္တာ ကာကွယ်ထိန်းသိမ်းမည့် တာဝန်ခံများအနေနှင့် မိမိတို့ကျေးရွာရောက်သည့်အခါ ထိထိရောက်ရောက် အကျိုးရှိစွာပြန်လည်အသုံးချနိုင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိရာ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ဝေးလံသည့် ကျေးလက်ဒေသများ အထိရောက်ရှိပျံ့နှံ့အောင် ဖြန့်ဝေပေးနေသည့်အတွက် မိမိတို့ရရှိလာသည့် အခွင့်ကောင်းများအား အကျိုးရှိရှိအသုံးချပြီး မြန်မာတိုင်းရင်းဆေးများနှင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပြည်သူများအနေဖြင့် ကိုယ်ရောစိတ်ပါ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။




အဆိုပါ အခမ်းအနားသို့ နေပြည်တော် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးထွေးမောင်၊ ဒက္ခိဏခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးလှမော်၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**မျိုးဇေယျာ**
**ဓာတ်ပုံ-သီရိခေတ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းစစ်ဆေး

**ဒေါ့ဖုန်းယန် မေ ၁၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ဒေါ့ဖုန်းယန်မြို့ အမှတ်(၂)ရပ်ကွက် ဈေးနောက်ကျောရှိ ရေနုတ်မြောင်းကျောက်စီခြင်း၊ အမှတ်(၃)ရပ်ကွက် ကွန်ကရစ်ပိုက်မြှုပ်ခြင်းနှင့် ဖာကေကျေးရွာအုပ်စု နမ့်ဝိုင်ကျေးရွာ ကျောက်ခင်းလမ်း လုပ်ငန်းပြီးစီးမှုအခြေအနေကို မေ ၆ ရက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးအောင်နှင့်အတူ တာဝန်ရှိသူများ လေ့လာခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မန္တလေး၌ အခွန်ပညာပေး ဆွေးနွေးပွဲကျင်းပ

**မန္တလေး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၅၊ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းစီမံချက်တို့နှင့်ပတ်သက်၍ အခွန်ပညာပေး ဆွေးနွေးပွဲကို မေ ၈ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူတက်ရောက်၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးသန်းဇော်ဝင်းက ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကိုရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး အခွန်ဒုတိယဦးစီးဌာနမှူး ဦးကျော်မင်းက ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်း စီမံ ချက်ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

**နိုင်ငံ့ဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/ 4346၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

**ဖခင် အမည်မှန်**

အထက(၁) လသာ ပဋ္ဌမတန်းမှ မအိမ်စည်မြင့်မိုရ်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင် ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်**

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ ကိုင်းတောစုကျေးရွာ၊ အမက စတုတ္ထတန်းမှ မတွယ်တာဦး၏ အမည်မှန်မှာ မတွယ်တာလှိုင် ဖြစ်ပါကြောင်း။ **မတွယ်တာလှိုင်**

SEVEN စံ ၈၅
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း ၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

23 မဆလာ (ဖာင်ဒေါ်အေးအဖြူ)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

**ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း**
ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ၅မိနစ်သင်္ဘောစီး
ဒလဘက်ရောက်လျှင် ၅မိနစ်ဆိုက်ကားစီး
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) မိုလ်ချုပ်(၁)လမ်း၊ ဇည်းဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ် ၁၂၀၀၀ ကျပ်

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9H/ 5522၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

**တစ်အိတ်ဝယ်ရင်ပို့ပေးပါတယ်**
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
09 43334111 ☎ 01-682844
09 43334222 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

FAME Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
TMR 012139 (0516)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Rejuvir®
Phytoestrogen supplement
မျိုးမေအားဆေး
TMR 007907 (1214)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ကျင်းပ

## ရှမ်း

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းစီမံချက် ရှမ်းမြို့နယ်မှ ကြီးမှူးကျင်းပသော ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၈ ရက်က အထကရှမ်း ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းမြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းဦး၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မိုးလှိုင်၊ တောင်ကြီးမြို့နယ် လူထုအခြေပြု ငှက်ဖျားရောဂါ ကာကွယ်ရေးစီမံချက်မှ လက်ထောက် စီမံချက်အရာရှိ ဒေါ်ခင်ဆွေဦးတို့က ကြက်ခြေနီအသင်းပေါ်ပေါက်လာပုံများ၊ ကြက်ခြေနီအသင်း ဆောင်ရွက်နေမှုများ၊ ပြည်သူလူထုအတွက် ပေးဆပ်မှုသက်သက် ဖြင့် ဆောင်ရွက်နေသည့်အတွက် ဝိုင်းဝန်းပံ့ပိုးကူညီ၍ ပူးပေါင်းဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှမ်း)**

## ဖန်းမော်

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကမ္ဘာ့ကြက်ခြေနီနေ့ (World Red-Cross Day) နှင့် အမှတ်စဉ် ၂/၂၀၁၅ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၈ ရက်က မြို့မရဲစခန်း ရဲသီဟခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားသည်။ ၂၀၁၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာလှရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ဗန်းမော်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသက်အောင်က ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့သို့ ရှေးဦးပြုစုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် စေတနာအလှူရှင်များက ငွေများပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ် ဒေါက်တာဘရန်အောင်က လက်ခံယူသည်။

ထို့နောက် ရှေးဦးပြုစုခြင်းအခြေခံသင်တန်း အမှတ်စဉ် ၂/၂၀၁၅ သင်တန်းတွင် ထူးချွန်ဆုရရှိသူ ရဲတပ်ဖွဲ့ဝင်များကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

## ရွှေကူ

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ် ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းနှင့် မြို့နယ် ကြက်ခြေနီတပ်ရင်းမှူး ရဲမှူးအေးမောင်တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသူရဇော်က ကမ္ဘာ့ကြက်ခြေနီနေ့ စတင်ပေါ်ပေါက်လာပုံနှင့် ကမ္ဘာ့ကြက်ခြေနီအသင်းကြီး၏ လူသားခြင်း စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်း အကျိုးဆောင်ရွက်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်လွှားပျံ့နှံ့ခြင်းစသည့် အခြေခံမူ ခုနစ်ချက်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေကြောင်းနှင့် လူမှုကရုဏာစွမ်းအား အခြေခံမူအရ လုပ်ရှားဆောင်ပုဒ်နှင့်အညီ လုပ်ငန်းမျှော်မှန်းချက်နှစ်ရပ်ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဂျပန်ဦးနှောက်ရောင်ရောဂါ တုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်ရှင်းလင်း

**စစ်တွေ မေ ၁၁**

ရခိုင်ပြည်နယ် ရှစ်မြို့နယ်တွင်ထိုးနှံပေးမည့် ဂျပန်ဦးနှောက်ရောင်ရောဂါ တုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်အား အသိပညာပေးရှင်းလင်းပွဲကို စစ်တွေမြို့ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၀ ရက် နံနက် ၁၀ နာရီကကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားခဲ့မှု အခြေအနေများ၊ ရောဂါမဖြစ်အောင် ကာကွယ်ဆောင်ရွက်ရမည့် အခြေအနေများနှင့် မေလအတွင်း ထိုးနှံပေးသွားမည့် ဂျပန်ဦးနှောက်ရောင်ရောဂါ တုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ စိုးလွင်ငြိမ်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး မေးမြန်းချက်များကို ဖြေကြားပေးကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းနှင့် ညွှန်ကြားရေးမှူးများ၊ ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာ အောင်သူရိန်နှင့် တာဝန်ရှိသူများ၊ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးနေထွန်းအောင်၊ စစ်တွေ၊ ကျောက်ဖြူ သံတွဲခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကာကွယ်ဆေးထိုးနှံပေးမည့် မြို့နယ်များမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**ကိုကြီးစော**

# ဝါးလက်မှုအနုပညာသင်တန်းဖွင့်

**ပြည် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် တလုပ္ပင်အုပ်စု အထကရှားဖြူကွင်းကျောင်း၌ ဝါးလက်မှုအနုထည်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေပထမပတ်က ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးအဆင့်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်သင်ကြားလျက်ရှိကာ သင်တန်းကာလမှာ မေ ၅ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



# မူဆယ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅၀ နှင့် ဘိန်းဖြူ ၃ ဒသမ ၀၃၆ ကီလို ဖမ်းဆီးရမိ



မတွမ်စောရိုးအား ဖမ်းဆီးရမိ သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၁**

မေ ၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ ရွှေသမင်ကွက်သစ် စွမ်စော်ရပ်ကွက်နေ မရန်ဒင်ရှွင်(ခ) ရန်ဝမ်းရှွင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ မတွမ်စောရိုးကို တွေ့ရှိပြီး နေအိမ်အောက်ထပ် ယာဘက်အခန်းအတွင်း ခုတင်အောက်ရှိ စက္ကူဂျပ်ဖာ သုံးဖာအတွင်းမှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅၀၊ ဘိန်းဖြူဆပ်ပြာခွက် ၁၅၄ ခွက်(ဘိန်းဖြူအလေးချိန် ၁ ဒသမ ၈၄၈ ကီလို)၊ နေအိမ်အောက်ထပ်ဝဲဘက်အခန်းအတွင်း ခုတင်အောက်ရှိ စက္ကူဂျပ်ဖာအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၉၉ ခွက်(ဘိန်းဖြူအလေးချိန် ၁ ဒသမ ၁၈၈ ကီလို) စုစုပေါင်း ဘိန်းဖြူဆပ်ပြာခွက် ၂၅၃ ခွက်(ဘိန်းဖြူအလေးချိန် ၃ ဒသမ ၀၃၆ ကီလို) တို့ကို သိမ်းဆည်းရမိသဖြင့် မတွမ်စောရိုး(၁၇နှစ်) နှင့် မရန်ဒင်ရှွင် (ခ) ရန်ဝမ်းရှွင်(၂၅နှစ်) (စုံစမ်းဆဲ) တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ည/၃၃၆၈၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/ 1456 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

**မိုးသောက်ပန်းအဆင့်မြင့်မူကြို**
(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၈း၀၀)နာရီမှ(၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။
(1) Juntion စေနအနီး Ph:571545, 09-5126882
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph:200917,09-43122884
(3) ရန်ကင်းကျောက်ကုန်း Ph:566592,09-421008133

**ဦးအောင်ဝင်း**
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
June - 20 (Sat) စမည်။ Aircon စာသင်ခန်းမ
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

GUSTO
International College
UK Curriculum
GUSTO INTERNATIONAL COLLEGE
UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာ ဒီပလိုမာဘွဲ့ကို ပြည်တွင်း၌ပင် စရိတ်သက်သာစွာ ရယူလိုပါသလား?
ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?



May Intake အတွက် ကျောင်းစတင်လျှောက်ထားနိုင်ပါပြီ။
HND Diploma in Computing (UK)
B.Sc.(Hons:) Computing (UK)
Limited seat Enroll Now!
# 289 (A), Pyay Road, Sanchaung Tsp., Yangon.
09- 8628806, 09-73031302

## သတင်းတိုများ

### နွေစပါးစံကွက်ရိတ်သိမ်းနည်းစနစ် သရုပ်ပြ

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ နွေစပါးစံကွက်ရိတ်သိမ်းမှုသရုပ်ပြပွဲကို မန်မော်ရပ် ကွင်းအမှတ်(၆၃)၌ မေ ၈ ရက်က ပြုလုပ်ခဲ့ရာ ခန္တီးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နန်းအမ်းထော်က နွေစပါးအထွက်နှုန်းတိုးတက်ရေးအကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စုစုထွေးက အထွက်ကောင်းသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးနှင့် စံကွက်ရိတ်သိမ်းနည်းစနစ်များအကြောင်းတို့ကို ပညာပေးဟောပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက စံကွက်ရိတ်သိမ်းခဲ့ရာ စပါးအစို တစ်ဧကထွက်နှုန်း ၁၆၂ ဒသမ ၅ တင်းရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များက မြို့အဝင် နတ်မောက်-ပျော်ဘွယ်လမ်းနှင့် နတ်မောက်-မြို့သစ်လမ်းများတွင် မေ ၈ ရက်က ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး စည်းကမ်းမလိုက်နာသော ယာဉ်နှင့် ဆိုင်ကယ်များကို ဥပဒေအရ ပြစ်ဒဏ်များချမှတ်အရေးယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ပညာရေးဝန်ထမ်းများစုပေါင်း၍ အာစရိယပူဇော်

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ လစဉ်စုပေါင်းထည့်ဝင်ခဲ့သည့် အလှူငွေများဖြင့် အသက် ၆၅ နှစ်အထက် အငြိမ်းစား ဆရာဆရာမကြီးများအား ပူဇော်ပွဲကို ဆဋ္ဌမအကြိမ်မြောက်အဖြစ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်အခြေခံပညာအထက်တန်းကျောင်း၌ မေ ၉ ရက်က ကျင်းပခဲ့ရာ သထုံခရိုင် ပညာရေးမှူး ဒေါ်ကြည်ကြည်မာ၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းနှင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ကျိုက္ကော်အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဒေါ်ချိုချိုအေးတို့က အမှာစကားပြောကြားသည်။ ထို့နောက် ကန်တော့ခံအငြိမ်းစား ဆရာ ဆရာမကြီး ၆၀၂ ဦးအား ပညာရေးဝန်ထမ်းများက ပူဇော်ကန်တော့ကြရာ ဆရာ ဆရာမကြီးများအား တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ **နွန်(ဝင်းပ)**

# မိုးရွာသွန်းမှုနည်းသဖြင့် တောင်သူများ နွားစာအတွက်အခက်တွေ့နေ

**နတ်မောက် မေ ၁၁**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း၌ ပြီးခဲ့သည့်မိုးရာသီက မိုးရွာသွန်းမှုနည်းပါးခဲ့သဖြင့် သီးနှံနှင့်နွားစာများ အထွက်နည်းခဲ့ရာ ယခုအခါ ကျေးရွာအများအပြားမှ တောင်သူများအနေဖြင့် နွားစာအတွက် အခက်အခဲဖြစ်နေပြီး တောင်သူအချို့မှာတောင်သူလုပ်ငန်းထက် နွားစာရှာရသည့်အလုပ်ကို အချိန်ပေးလုပ်နေရကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်းရှိ ဝါးရုံကုန်း၊ ချောင်းနက်၊ အုတ်ဖို၊ ကျောင်းကုန်း၊ ဝက်ချုပ်၊ သမှုန်းပင်၊ ကျွဲထူးကန်၊ ဝင်ကိုက်အစရှိသော ကျေးရွာအုပ်စုများ၌ နွားစာရှားပါးမှုများ ကြုံတွေ့နေရခြင်းဖြစ်သည်။ အဆိုပါကျေးရွာများမှ တောင်သူများအနေဖြင့် နွားစာရရှိရန်အတွက် မြို့သစ်မြို့နယ်ရှိ ကျေးရွာများမှ နွေစပါးကောက်ရိုးများကို ဝယ်ယူနေရကြောင်း၊ ကောက်ရိုးများကို အပုံပြတ်အဖြစ်လည်းကောင်း၊ ကားဖြင့် အစီးပြတ်အဖြစ်လည်းကောင်း ဝယ်ယူရပြီး ကောက်ရိုးကားတစ်စီးတိုက်ကို ကားခအပါအဝင် ကျပ်တစ်သိန်းဝန်ကျင်ခန့် ကုန်ကျကြောင်း၊ မိုးမကျမီအချိန်အထိ နွားစာရှားပါးမှု ဆက်ဖြစ်နေနိုင်သဖြင့် ဝယ်ယူသောကောက်ရိုးများကို ဒေသတစ်ဝိုက်ရှိမြက်ရိုင်းများဖြင့်ရော၍ နွားများကိုကျွေးရကြောင်း၊ ယခုအချိန်ကာလသည် တောင်သူများအဖို့ ဝင်ငွေမရှိသောအချိန်ဖြစ်ရာ နွားစာအတွက်လုံးပန်းနေရသဖြင့် တောင်သူများအနေဖြင့် များစွာအခက်အခဲဖြစ်နေရကြောင်း အုတ်ဖိုကျေးရွာမှ တောင်သူတစ်ဦးဖြစ်သူ ဦးပေါ်ဦးက ပြောသည်။

မိုးရာသီတွင် မိုးနည်းသဖြင့် သီးနှံများအထွက်နှုန်းလျော့ပြီး နွားစာရှားပါးသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ယခင်က မိုးမှန်သည့် အချိန်ကာလများတွင်မူ စိုက်ပျိုးသည့် ပင်ပြန့်မြေပဲခင်းများမှ မြေပဲရိုးများနှင့်သီးထပ်အဖြစ်စိုက်ပျိုးသည့် ပြောင်းရိုး၊ ဆပ်ရိုး၊ ပဲနောက်ရိုးများရရှိသဖြင့် တစ်နွေလုံးစာ နွားစာအလုံအလောက်ရကြောင်း၊ ယခုချိန်တွင်မူ နွားစာရှားပါးပြီး နွားစာရရှိရန်အတွက် အချိန်ကုန်ခံရှာဖွေနေရသည့်အပြင် ကုန်ကျစရိတ်များနေကြောင်း ဒေသခံတောင်သူများ၏ပြောကြားချက်များအရ သိရသည်။ **ဇင်ဝေယံလင်း(နတ်မောက်)**

## မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ရေကြည် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်းရှိ ကျုံဖားရိုး၊ ကိုင်းချောင်၊ ရေသိုးနှင့် ညောင်ငူကျေးရွာအုပ်စုများ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို မေ ၈ ရက်က ကျုံဖားရိုးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်များကွင်းဆင်းဆောင်ရွက်ပေးရာတွင် ကျေးရွာအုပ်စု လေးခုမှ ဒေသခံပြည်သူ ၆၅၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ရေကြည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် မိုးပွင့်အထူးစီမံချက်ဖြင့် မြို့နယ်အတွင်းမှ ပြည်သူ ၇၄၆၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**


လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

အလွ

ရန်ကုန်စီးပွားရေးတက္ကသိုလ်အထူးဘွဲ့နှင်းသဘင်အခမ်းအနားတွင်

ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့

Doctor of Letters (Honoris Causa)

ကို ချီးမြှင့်ခံရသည့်အတွက်

ရာဝတီဘဏ်လီမိတက်၏ Non-Executive Director

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် အား

ရာဝတီဘဏ်လီမိတက် မိသားစုမှ

များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ......



ရာဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ နှင့်

ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစု

ရာဝတီဘဏ်

AYA Bank

# သစ်တောကြိုးဝိုင်းမှဆင်များ ရန်ကုန်-မန္တလေးအမြန်လမ်းသို့မရောက်ရေး ကြပ်မတ်သွားမည်



**နေပြည်တော် မေ ၁၁**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၁၇/၇)နှင့် (၂၁၈/၀)ကြား၌ မေ ၉ ရက် နံနက် ၁၁ နာရီက တောရိုင်းဆင်ကြီးတစ်ကောင် တွေ့ရှိ၍ အမြန်လမ်းမကြီးအသုံးပြု သွားလာနေသော ခရီးသွားပြည်သူများ အထိတ်တလန့်ဖြစ်ပွားခဲ့ရကြောင်း မေ ၉ ရက်က လူမှုကွန်ရက်စာမျက်နှာတချို့တွင် ပြည်သူများ စိတ်ဝင်စားခဲ့သော သတင်းတစ်ပုဒ် အပေါ်ပြည်သူများ အဖြစ်မှန်သိရှိစေရေးအတွက် သွားရောက်စုံစမ်းရာ ၎င်းဆင်ကြီးသည် နိုင်ငံတော်ပိုင် စွယ်စုံဆင်ယဉ်ကြီးဖြစ်ပြီး တောရိုင်းဆင်မဟုတ်ကြောင်း သိရသည်။

ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၊ မန္တလေး-နေပြည်တော်လမ်း၏ ယာဘက် (၂၁၇/၇)နှင့် (၂၁၈/၀)ကြားအနီး၊ အမြန်လမ်းမကြီးနှင့် ၁ ဒသမ ၅ မိုင်အနီးတွင် ငါးလိုက်ကြိုးဝိုင်းအကွက် ၇၃/၇၇/၇၈ တည်နေရာ၌ ဆင်ကျောင်းစခန်းတစ်ခုရှိပြီး အမြန်လမ်းမိုင်တိုင်အမှတ် (၂၁၈/၁)နှင့်(၂၁၈ / ၂)အနီးတွင် ဆင်ရေချိုးရာ ရေအိုင်နေရာရှိနေသည်။ ယခုတွေ့ရှိသောဆင်သည် မန္တလေး-နေပြည်တော်အမြန်လမ်းကားလမ်းဘေးနေပြည်တော် ဥတ္တရသီရိမြို့နယ် သစ်တောဦးစီးဌာနပိုင် အာဒီးအမည်ရှိ အသက် ၄၁ နှစ်အရွယ် ပျဉ်းမနားဇာတိဖွား စွယ်စုံဆင်ယဉ်အထီးကြီး တစ်ကောင်ဖြစ်ပြီး ၎င်းဆင်စခန်းတွင် ယခင်ကဆင်ထီးကြီးအာဒီးနှင့်အတူ အသက် ၄၂ နှစ်ရှိ ဖိုးလှိုဆင်ထီးကြီး တစ်ကောင်နှင့် အသက် ၄၀ နှစ်ရှိ ဆင်မကြီး ကချင်မတို့ရှိခဲ့သည်။ ယခုအချိန်တွင် ဆင်ထီးကြီး ဖိုးလှိုနှင့် ဆင်မကြီးကချင်မတို့အား တခြားသစ်စခန်းတစ်ခုသို့ ပို့ထားသဖြင့် အာဒီးဆင်ထီးကြီး တစ်ကောင်သာဆင်စခန်းတွင်ရှိနေသည်။ ဆင်ကြီးအားအမြန်လမ်းဘေး မြေသားလမ်းပေါ်၌ တွေ့ရှိရခြင်းအကြောင်းသည် ဆင်ထိန်းဦးကျော်စိန်နှင့် စားကျက်လွှတ်ကျောင်း၍ ရေချိုးအိုင်သို့ သွားစဉ် အမြန်လမ်းအသုံးပြု မော်တော်ယာဉ်တစ်စီးက ဖြတ်သန်းစဉ် ဆင်ထိန်းနှင့် ဆင်ကြီးအနည်းငယ် ဝေးကွာနေချိန် ဓာတ်ပုံရိုက်ယူခြင်း ဖြစ်နိုင်ကြောင်း၊ ဆင်ထီးကြီး၏ရှေ့လက်နှစ်ဖက်တွင် သုံးမတ်အရွယ်သံကြိုး (ထူးကြိုး)ခတ်ထားကြောင်း၊ ထူးကြိုးသည် ဆင်သွားလာရာ၌ အမြန်မသွားနိုင်ရေးအတွက် ပြုလုပ်ထားသော သံကြိုးဖြစ်ကြောင်း၊ ယခုကဲ့သို့ လျှပ်တစ်ပြက်တွေ့မြင်၍ အမြန်လမ်းအသုံးပြု ခရီးသွားပြည်သူများ စိုးရိမ်ထိတ်လန့်မှုဖြစ်ခဲ့ရကြောင်း၊ နောက်နောင် ယခုကဲ့သို့ မဖြစ်ပွားစေရန် ဌာနမှဆင်ဦးစီး ဆင်ထိန်းများသို့ အထူးပင်မှာကြားကွပ်ကဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးကျော်မျိုးက ပြောကြားသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းဘေးတစ်လျှောက်တွေ့ရှိသောဆင်များအား အမြန်လမ်းအသုံးပြုခရီးသွား ပြည်သူများအနေဖြင့် ဓာတ်ပုံရိုက်ခြင်း၊ အစာကျွေးခြင်းများကိုရှောင်ရှားကာ တာဝန်ရှိသူများအနေဖြင့်လည်း ယခုကဲ့သို့ ခရီးသွားပြည်သူများအထိတ်တလန့်ဖြစ်စေမည့် ဖြစ်စဉ်မျိုး မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ- ရဲရဲ (ပျဉ်းမနား)**

# တောင်သာ ရေရှားပါးမှုနှင့်အခက်အခဲများအား ဝိုင်းဝန်းဆောင်ရွက်လျက်ရှိ



**တောင်သာ မေ ၁၁**

တောင်သာမြို့နယ်သည် အပူပိုင်းမိုးနည်းရပ်ဝန်းတွင် ပါဝင်၍ သောက်သုံးရေအခက်အခဲ နှစ်စဉ်ကြုံတွေ့နေရသည့် မြို့ဖြစ်သည်။ ယခင်နှစ်က မိုးရေချိန် ၁၆ ဒသမ ၀၉ လက်မသာ ရွာသွန်းခဲ့ပြီး ယခုနှစ် မေ ၈ ရက်အထိ ၁ ဒသမ ၄၁ လက်မသာရွာသွန်းခဲ့သဖြင့် ဆည်ကန်များအတွင်း ရေဝင်ရောက်မှုမရှိသေးကြောင်း သိရသည်။

"ရေချိုကို ဘုန်းစင်ဆည်နဲ့ စက်ရေတွင်းငါးတွင်း ပေါင်းပေးတယ်။ ဆည်ရေက တစ်ပေလောက်ပဲ ကျန်တော့တယ်။ စက်ရေတွင်းတွေကပဲ ထိန်းပေးနေရတယ်။ ရေငန်ကို နဘဲကန်ဆည်ကပေးတယ်၊ ရေနည်းနေတဲ့အတွက် ရေစုပ်ရအောင် ရေစုပြီးမှ လွှတ်ပေးနေရပါတယ်။ ယခုတော့ ရေကားတွေနဲ့ မြို့ပေါ်ရပ်ကွက်ကို ပေးဝေနေပါတယ်"ဟု စည်ပင်ကော်မတီဝင်တစ်ဦးက ပြောသည်။

ရေပေးဝေရာတွင်လည်း စနစ်တကျအလှည့်ကျဖြင့် မျှတစွာပေးဝေရန်လိုအပ်နေပြီး သုံးစွဲသူပြည်သူများကလည်း ရေပြတ်လပ်ချိန်တွင် ရေအလေအလွင့်မရှိစေရေး ချွေတာသုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြို့ပေါ်နှင့်ပတ်ဝန်းကျင် ကျေးရွာဒေသများသို့ ရေကုသိုလ်ရှင်များက ရေကားများဖြင့် နေ့စဉ်လှည့်လည် လှူဒါန်းလျက်ရှိရာ ရပ်ကွက်၊ ကျေးရွာပေါင်း ၄၀ ကျော်ရှိပြီ ဖြစ်ကြောင်း သိရသည်။

ရေပြောင်းလဲမှု၊ ရာသီဥတုပူပြင်းမှု၊ သောက်သုံးရေမလုံလောက်မှု၊ အစားအသောက် မဆင်ခြင်မှုများကြောင့်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါများပါဖြစ်ပွားလျက်ရှိရာ မေ ၉ ရက်အထိ လူနာ ၈၀ ကျော်ရှိခဲ့ကြောင်း၊ ကုသလူနာများထဲမှ သေဆုံးမှုမရှိသော်လည်း ကျန်းမာရေးသတိဖြင့် ဆင်ခြင်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှူးထံမှ သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**


## " လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း "

❖❖❖❖ ❖❖❖❖

၂၀၁၅ခုနှစ်၊ မေလ (၉)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အထူးဘွဲ့နှင်းသဘင်အခမ်းအနား တစ်ရပ်ကျင်းပခဲ့ပြီး **"အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်"အား ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa)**ကိုချီးမြှင့်ခံရခြင်းအတွက် အောက်ဖော်ပြပါ အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌကြီးများ/ ဒါရိုက်တာအဖွဲ့ဝင်များ/ အမှုဆောင်အဖွဲ့ဝင်များတို့အနေဖြင့် လှိုက်လှဲစွာအထူးဂုဏ်ယူ ဝမ်းမြောက်လျက် ရှိနေကြပါကြောင်းနှင့် သံအမတ်ကြီးအနေဖြင့် နိုင်ငံအကျိုးကို ယခုထက် ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

- မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း
- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ်
- မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း
- မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့
- မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်း
- အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီများအုပ်စု
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များအသင်း
- ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့
- တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
- လှကမ္ဘာ ကုမ္ပဏီလီမိတက်
- မြတ်မွန်ရတနာ အဆင့်မြင့်ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း
- Gulf Group of Companies
- Global Sea Trader Limited
- Noble Yangon Construction Company Ltd.
- Asia Win Aviation Pte Ltd. (Singapore)
- Asia Winner Industrial Co., Ltd.
- Pink Khine Zin Co., Ltd.
- Co-Operative Bank Ltd (CB Bank)
- Supring Group Co., Ltd.
- Asia Pacific Consultancy Co., Ltd.
- Stell King Co., Ltd
- Ni Lay Naing Co., Ltd
- မုဒိတာချိုအေး ပညာရေးဝန်ဆောင်မှုကုမ္ပဏီ လီမိတက်
- သီရိမွန်ဖောင်ဒေးရှင်း
- တော်ဝင်မြတ်မွန်ရတနာ ကုမ္ပဏီလီမိတက်

# ဆီဗီလာနဲ့ နာပိုလီတို့ အခြေအနေကောင်းနိုင်ပါ့မလား

ယူရိုပါလိဂ်ဖလား အကြိုဗိုလ်လုပွဲတွေကို မေ ၁၄ ရက် နံနက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရဦးမယ့် ဒီပွဲစဉ်တွေမှာတော့ ဘယ်အသင်းတွေ နှုတ်ဆက်ရဦးမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။ ပထမအကျော့မှာ အခြေအနေကောင်းခဲ့တဲ့ ဆီဗီလာတို့ကတော့ နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်ဖို့ ဟန်ပြင်နေပြီဖြစ်ပါတယ်။

**ဒီနီပရိုနှင့် နာပိုလီ**

ပထမအကျော့ အကြိုဗိုလ်လုပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲကတော့ ခြေကုန်ထုတ်ကြတော့မှာဖြစ်ပါတယ်။ ယူကရိန်းကလပ် ဒီနီပရိုတို့ဟာ အခုတလော ခြေစွမ်းအတက်အကျရှိနေပြီး ရလဒ်ကောင်းအောင်ကြိုးစားနေရတာမို့ အခုပွဲမှာ သိပ်တော့မလွယ်ကူပါဘူး။ ဒီနီပရိုနည်းပြ မာရ္ကန်ဟာ မမျှော်လင့်တဲ့ရလဒ်မျိုးရအောင် ဗျူဟာခင်းကျင်းနိုင်တာမို့ နာပိုလီတို့လည်း အမှားလုပ်လို့ မရပါဘူး။ ဒီနီပရိုမှာ ကလီနစ်၊ ရိုတန်နဲ့ လိုပက်ဆေးဗားတို့က အားထားရသူတွေဖြစ်ပြီး အသင်းအတွက်ရလဒ်ကောင်းရအောင် စွမ်းဆောင်နိုင်သူတွေ ဖြစ်ပါတယ်။

နာပိုလီတို့ကလည်း ခြေစွမ်းတည်ငြိမ်တဲ့အသင်းမဟုတ်တာကြောင့် ဒီပွဲဟာ အပြန်အလှန် ဖိအားပေးမှုတွေနဲ့ ဆင်နွှဲရမယ့် အနေအထားရောက်နေပါတယ်။ အေစီမီလန်၊ ဆမ်ဒိုးနီးယားနဲ့ ဝုဖ်ဘတ်အသင်းတွေကို အနိုင်ရအောင်ကစားထားနိုင်တဲ့ နာပိုလီဟာ နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်နိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ ဟီဂူအင်၊ ဟမ်ဆစ်တို့ရှိနေတဲ့ နာပိုလီရဲ့တိုက်စစ်က တည်ငြိမ်မှုနဲ့ ထက်မြက်မှုရှိနေတာမို့ နည်းပြဘင်နီတက်ဇ် ဘယ်လိုပွဲထွက်လာမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ နာပိုလီသာ ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ရင်တော့ နည်းပြဘင်နီတက်ဇ်ဟာ မတူညီတဲ့အသင်းသုံးသင်းမှာ ယူရိုပါလိဂ်ဖလားရအောင် စွမ်းဆောင်နိုင်တဲ့ ပထမဆုံးသောနည်းပြတစ်ယောက် ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် နာပိုလီတို့ ဂိုးပြတ်အနိုင်ရရေး ကြိုးစားသွားမယ့် ပွဲဖြစ်ပါတယ်။

**ဖီအိုရင်တီးနားနဲ့ ဆီဗီလာ**

ပထမအကျော့ပွဲစဉ်မှာ သုံးဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူထားတဲ့ ဆီဗီလာတို့အတွက် ဖိအားနည်းနည်းနဲ့ ကစားနိုင်ပါလိမ့်မယ်။ ဖီအိုရင်တီးနားဟာ အခုတလော နိုင်ပွဲရော ရှုံးပွဲတွေပါ ရှိနေတာမို့ ဖီအိုရင်တီးနားရဲ့ ရော့စီ၊ ဂိုမက်ဇ်နဲ့ ပီဇာရိုတို့ရဲ့ စွမ်းဆောင်မှုကောင်းရင်တော့ ဆီဗီလာအတွက် အခက်အခဲကြုံရပါလိမ့်မယ်။



ဆီဗီလာနှင့် ဖီအိုရင်တီးနားတို့ ပထမအကျော့ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။

လက်ရှိချန်ပီယံ ဆီဗီလာတို့ကတော့ အဝေးကွင်းဆိုပေမယ့် ဖီအိုရင်တီးနားကို ဖိအားပေးတိုက်စစ်ဆင်ကစားမှာ သေချာပါတယ်။ ဆီဗီလာဟာ ရီးရဲမက်ဒရစ်ကို ခက်ခဲစွာရင်ဆိုင်ရပြီး ရှုံးနိမ့်ခဲ့ပေမယ့် အီဘာ၊ ဗယ်လီကာနိုတို့ကို အနိုင်ကစားထားပါတယ်။ ဆီဗီလာတို့က အသင်းလိုက်ကစားပုံကောင်းပြီး ပြိုင်ဘက်အသင်းကို ချေဖျက်နိုင်တဲ့ ကစားသမားတွေလည်း ရှိတာမို့ အခုပွဲဟာ ဆီဗီလာတို့အောင်ပွဲခံပြီး ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်မယ်လို့ ယူဆရပါတယ်။

**မိုးမြင့်လင်းလက်**



## ၂၀၁၅ ခုနှစ် ကမ္ဘာ့အမြန်ဆုံးအပြေးသမားပိုဝဲလ်

အဆာဖာပိုဝဲလ်ဟာ စနေနေ့က ဂျာမေကာနိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲအဖြစ်ကျင်းပတဲ့မီတာ ၁၀၀ ပြေးပွဲမှာ စံချိန် ၉ ဒသမ ၈၄ စက္ကန့်နဲ့ ပန်းဝင်ခဲ့ပါတယ်။ ပိုဝဲလ်ရဲ့ ဒီစံချိန်ဟာ ယခုနှစ်ထဲမှာတော့ မီတာ ၁၀၀ ပြိုင်ပွဲမှာ အမြန်ဆုံးအဖြစ် စံချိန်တင်နိုင်ခဲ့ပါတယ်။ ဒီစံချိန်ဟာ လွန်ခဲ့တဲ့ ငါးနှစ်က သူတင်ထားတဲ့ စံချိန်ကို ပြန်ချိုးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာ အမေရိကန်သား ရိုင်ယန်ဘိုင်လေက ၉ ဒသမ ၉၃ စက္ကန့်နဲ့ ဒုတိယရပြီး ဂျမေကာမှ နက်စတာကာတာက ၉ ဒသမ ၉၈ နဲ့ တတိယရခဲ့ပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိတဲ့ ပိုဝဲလ်ဟာ အလွန်အပြေးမြန်ပြီး တာတိုပြေးပွဲမှာ အခြား ပြိုင်ဘက်တွေ ယှဉ်ပြိုင်ဖို့မလွယ်တဲ့ ကစားသမားတစ်ယောက်ဖြစ်ပါတယ်။ ဒီစံချိန်ဟာ ဒီနှစ်ထဲမှာ ပိုဝဲလ်ရဲ့ပြိုင်ပွဲလေးပွဲမှာ အမြန်ဆုံး ဖြစ်သလို ၂၀၁၅ ခုနှစ်ထဲမှာ အမြန်ဆုံး စံချိန်လည်း ဖြစ်ပါတယ်။ သူဟာ လက်ရှိအချိန်မှာတော့ ၂၀၁၅ ခုနှစ်ရဲ့ အမြန်ဆုံး အပြေးသမားအဖြစ် မှတ်တမ်းတင်ခြင်းခံရတဲ့သူ ဖြစ်လာခဲ့ပေမယ့် မီတာ ၁၀၀ ကို စံချိန် ၉ ဒသမ ၅၈ စက္ကန့်နဲ့ ပြေးခဲ့တဲ့ ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘော့လ်တ်ရဲ့ ၂၀၀၉ ခုနှစ်က စံချိန်ကိုတော့ ချိုးနိုင်ခြင်း မရှိသေးပါဘူး။

## ဘန်လေတို့ တန်းဆင်းခဲ့ရပြီ

ဘန်လေအသင်းအနေဖြင့် ဟားလ်စီးတီးကို တစ်ဂိုးတည်းနဲ့ ကပ်နိုင်ခဲ့သော်လည်း ပရီမီယာလိဂ်တွင် တစ်ရာသီသာ ကစားခဲ့ရပြီးနောက် တန်းဆင်းသွားခဲ့ရပြီဖြစ်ပါတယ်။ တိုက်စစ်မှူး ဒန်နီအင်းက ဘန်လေအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပေးပြီး အနိုင်ရခဲ့ပေမယ့် တန်းဆင်းခဲ့ရတာဖြစ်ပါတယ်။ တန်းဆင်းဇုန်ပြိုင်ဘက်တွေဖြစ်တဲ့ ဆန်းဒါးလန်း၊ လီဆစ္စတာနဲ့ အက်စ်တွန်ဗီလာတို့က အသီးသီးအနိုင်ရလိုက်သလို နယူးကာဆယ်တို့ကလည်း တစ်မှတ်ရလိုက်တဲ့အတွက် ဘန်လေတို့ အလိုအလျောက် တန်းဆင်းခဲ့ရပါတယ်။

ဘန်လေအသင်းဟာ ဒီနှစ်ပရီမီယာလိဂ်မှာ ဒုတိယမြောက် တန်းဆင်းခဲ့ရတဲ့အသင်းဖြစ်ပါတယ်။ သူ့မတိုင်မီက ကျူပီအာအသင်း တန်းဆင်းခဲ့ရပါတယ်။ တတိယတန်းဆင်းမယ့်အသင်းကတော့ မပြောနိုင်သေးပါဘူး။ ဟားလ်စီးတီးကတော့ တန်းဆင်းနံပါတ် ၃ နေရာမှာရှိနေပါတယ်။

သို့ပေမယ့် လက်ကျန်ပွဲနှစ်ပွဲမှာ ဆန်းဒါးလန်း၊ လီဆစ္စတာ၊ အက်စ်တွန်ဗီလာနဲ့ နယူးကာဆယ်တို့ရဲ့ ရလဒ်ကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ဟားလ်စီးတီးအပါအဝင် တန်းဆင်းဇုန်အနီးရောက်နေတဲ့ ဒီအသင်းတွေထဲကတစ်သင်းဟာ တတိယမြောက် တန်းဆင်းရတဲ့ ဖြစ်လာမှာပါ။





## ဂွါဒီယိုလာ မန်စီးတီးနည်းပြဖြစ်လာမလား

**ကောင်းမြတ်သူ - စုစည်းသည်။**

ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာကို လာမယ့် ၂၀၁၅-၂၀၁၆ ရာသီမှာ မန်စီးတီးနည်းပြအဖြစ် ပယ်လီဂရင်းနီရဲ့နေရာမှာ အစားထိုးဖို့ သဘောတူလိုက်ပြီလို့ သတင်းများ ထွက်ပေါ်လျက်ရှိပါတယ်။ လာမယ့်ရာသီမှာ မန်စီးတီးကို ကိုင်တွယ်ဖို့ သဘောတူညီချက်တစ်ရပ် ရရှိထားပြီလို့ ဆိုပါတယ်။ ကာတာအခြေစိုက် အားကစား ရုပ်သံချန်နယ်တစ်ခုဖြစ်တဲ့ beln Sports ကလည်း မန်စီးတီးကို ဦးဆောင်ဖို့ ဂွါဒီယိုလာကို တိုက်တွန်းထားပါတယ်။ ဘိုင်ယန်မြူးနစ် နည်းပြ ဂွါဒီယိုလာအနေနဲ့လည်း ဒီနှစ်ရာသီမှာ ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့ပေမယ့် ဂျာမန်ဖလားကို စွန့်လွှတ်ခဲ့ရပါတယ်။ ဂွါဒီယိုလာ မျှော်မှန်းထားတဲ့ ဖလားသုံးလုံး အိပ်မက်ကလည်း ဖြစ်မလာခဲ့ပါဘူး။ လက်ရှိအခြေအနေမှာ ချန်ပီယံလိဂ်မှာလည်း ဘာစီလိုနာကို သုံးဂိုးပြတ်နဲ့ အကြိုဗိုလ်လုပွဲ ပထမအကျော့မှာ ရှုံးထားတဲ့အတွက် ပြိုင်ပွဲမှ ထွက်ရဖွယ်ရှိနေပါတယ်။ ဒီအတွက် ဂွါဒီယိုလာအနေနဲ့ ပရီမီယာလိဂ်သို့ ရောက်မလာဘူးလို့ မပြောနိုင်ပါဘူး။ မန်စီးတီးနည်းပြ ပယ်လီဂရင်းနီဟာလည်း အသင်းကို ကောင်းစွာမကိုင်တွယ်နိုင်မှုနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကစားသမားကောင်းတွေ ရှိပါလျက် ပရီမီယာလိဂ်ဖလားကို မကာကွယ်နိုင်မှုအတွက် ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ရာသီမှာ ပယ်လီဂရင်းနီနေရာမှာ ဂွါဒီယိုလာ ရောက်လာနိုင်တဲ့ အနေအထားရှိပါတယ်။


ဖုန်းခေါ်ဆိုခ အနည်းဆုံး
စာရင်းသွင်းပြုလုပ်ရန် *5555# ကိုခေါ်ဆိုပါ။
ရက် ၃၀ စာရင်းသွင်းခ ၅၀၀ ကျပ်
ooredoo
၁မိနစ်
၂၀
ကျပ်
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။
ooredoo.com.mm

ဆရာကောင်းမှ တပည့်ကောင်းမည်

## မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်းကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိ ကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင် ထပ်မံယူရန် မလိုအပ်ပါ။ သို့သော် စာကျက်ချိန်ကို တိတိကျကျသတ်မှတ်ပြီး နေ့စဉ် သင်ပေးသမျှ သင်ခန်းစာများအား အချိန်မှန် ကျက်မှတ်လေ့ကျင့်ရန် (အထူး) အလူးလိုအပ်ပါသည်။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၁၉/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

နေမင်းတံဆိပ်တော်

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

## အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

- အဆောင်မှူး(ဘွဲ့ရ) ဆရာ၊ ဆရာမများအလိုရှိပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

## မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂:၁၅ မှ ၅:၁၅ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၁-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၂-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၃-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၄-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇:၀၀ မှ ၁၂:၀၀ နာရီ | ၄၅၀၀၀ | ၃၀၀၀၀ |
| ၉-တန်း | ။ | ၅၀၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၀၀၀၀ | ၄၀၀၀၀ |

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို ဇွန်လမှ ပေးပါ)

ဇွန် ၄ ရက် ဖွင့်မည်

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ။ ဖုန်း 01-577605 ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။ ဖုန်း 09 73036827, 09 47074649

---

ကလေးနာမည်ပေး
ဆရာကြီးရေအာဇော်ဝင်း
(LL.B.)

01-394727, 01-399426 09-73009994-

တိုက်(၃၅)လမ်း(၈၇)ခမြည်ထပ်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

---

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)

၂၁အနောက်မြင်းပြိုင်ကွင်းလမ်း၊
တာမွေမီးပွိုင့်အနီး၊ရန်ကုန်မြို့။

ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၇၃၂၄၁ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၁၄/လမန(နိုင်)၀၄၂၇၆၆ က (ကမ-၃) ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

---

### "ပိဋကမျှပြာအဖွဲ့" နှစ်(၄၀)ပြည့် ပဌာမြားရတု အခမ်းအနား ဖိတ်ကြားခြင်း

ရန်ကုန်မြို့ ၊ ဗဟန်းမြို့နယ် ၊ အာဇာနည်လမ်းရှိ ၊ ပိဋကမျှပြာအဖွဲ့ကို သာသနာနှစ် ၂၅၁၉ ၊ မြန်မာသက္ကရာဇ် ၁၃၃၇ ခုနှစ် ၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ( ၂၄.၅.၁၉၇၅ ) တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ( ၂၄.၅.၂၀၁၅ ) တွင် နှစ်(၄၀)ပြည့် 'ပဌာမြားရတု' သို့ ရောက်ရှိခဲ့ပြီဖြစ်ပါ၍ ပိဋကဝန်ဆောင်ပုဂ္ဂိုလ်များနှင့် ဖိတ်ပါဝင်တားသူများအနေဖြင့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပါရန် ဂါရဝတရားရှေ့ထား၍ လေးစားစွာဖိတ်ကြားအပ်ပါသည်။

➤ ကျင်းပမည့်နေ့ရက် - ၂၄.၅.၂၀၁၅ (တနင်္ဂနွေနေ့)
➤ ကျင်းပမည့်အချိန် - နေ့လယ် (၁:၀၀) နာရီ
➤ ကျင်းပမည့်နေရာ - "မင်္ဂလာဗျူဟာအသင်းချုပ်ဓမ္မဗိမာန်" အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၃၇၀၉၅၈၊ ၀၁ ၃၇၅၇၅၉

"ပဌာမြားရတု" အထိမ်းအမှတ်အဖြစ် ပိဋကမျှပြာအဖွဲ့အကြောင်း သိကောင်းစရာများကို စာရေးဆရာကြီး မင်းယုဝေ၊ ဇဝနလုလင် ဆရာကြီး ဦးအုန်းမြင့်၊ မောင်လှမွေး (မြန်မာ့) တို့က ဟောပြောပါမည်။

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇ယ/၃၃၁၉ HI-BIRD Super Cub ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၄/ပသန(နိုင်)၀၀၄၉၈၃က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

---




အမှတ် -၁၇၀-C၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ၈၇ -လမ်းထိပ်၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း -၀၉ ၇၃၀၈၂၁၆၆၊ ၀၉ ၄၂၀၀၀၀၇၅၁၊ ၀၉ ၄၀၁၅၀၅၇၆၅
Fax: 376913 / Email - stampmaking113@gmail.com

---




1. 262-286 Konezaydan Street, Pabedan Tsp, Yangon. Ph : 01-372341, 383617 Email : imps.sales@gmail.com
2. 113/8, Kabaraye Pagoda Road, Bahan Tsp, Yangon. Ph : 01-546731, 09-401505765
3. G 02 (A), Diamond Condo, Pyay Road, Kamaryut Tsp, Yangon. Ph : 09-75081325, 09-43176368

# ဖက်စိမ်းကွမ်းတောင်

မောင်သာ(ရှေးဟောင်းသုတေသန)

စာရေးဆရာမ ခင်ခင်ထူး၏ အောင်မြင်ကျော်ကြားသည့် "မအိမ်ကံ" ဝတ္ထုကို ဖတ်မိသူတိုင်း ဖက်စိမ်းကွမ်းတောင်ကို အမှတ်ရမိကြပေလိမ့်မည်။ မြန်မာလူမျိုးတို့၏ ရှင်ပြုနားသ အလှူမင်္ဂလာရှင်လောင်းလှည့်ပွဲများတွင် ကွမ်းတောင်ပန်းတောင်များကို မြင်တွေ့ကြရသော်လည်း မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ဖက်စိမ်းကွမ်းတောင် အသုံးပြုခြင်းကို မတွေ့မိသေးပါချေ။ မအိမ်ကံဝတ္ထုကို ဖတ်ပြီးကတည်းက မြန်မာနိုင်ငံအထက်ပိုင်း အညာဒေသရှင်ပြုပွဲများတွင် တွေ့ရလေ့ရှိသည့် ဖက်စိမ်းကွမ်းတောင်ကို ကျွန်တော်အထူးစိတ်ဝင်စားမိခဲ့ပါသည်။ ယဉ်ကျေးမှုထုံးတမ်းများ လျော့ပါးစပြုလာသည့် ယနေ့အချိန်တွင် ဖက်စိမ်းကွမ်းတောင်ကိုင်ကာ ရှင်လောင်းလှည့်ပွဲများတွင် လိုက်ပါလာသည့် မြန်မာသမီးပျိုလေးများကို တွေ့မြင်ရန်အခွင့်အလမ်း အလွန်နည်းပါးနေလိမ့်မည်ဟု ကျွန်တော် ထင်ခဲ့မိပါသည်။

သို့သော်လည်း မကြာမီက အညာဒေသသို့ ကျွန်တော်ရောက်ရှိခဲ့စဉ် လှပသောဓလေ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည့် ဖက်စိမ်းကွမ်းတောင်နှင့် မမျှော်လင့်ဘဲကြုံတွေ့ခဲ့ရပါသည်။

၂၀၁၅ ခုနှစ် ဧပြီလ ပထမရက်သတ္တပတ်အတွင်း ရန်ကုန်တက္ကသိုလ်မှ မျိုးဆက်သစ်ရှေးဟောင်းသုတေသန ထူးချွန်ကျောင်းသား၊ကျောင်းသူများသည် ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဝိဇ္ဇာ အပိုင်း(က) သင်တန်းသားများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်ရှိ မြန်မာ့ကြေးခေတ်ညောင်ကန်ဒေသသို့ ကွင်းဆင်းခရီးထွက်ခဲ့ကြပါသည်။ ထိုခရီးစဉ်အတွင်း လေ့လာရေးခရီး အောင်မြင်ရေးအတွက် လုပ်ငန်းစဉ်များဆောင်ရွက်ရန် ကြိုတင်ထွက်ခွာခဲ့သောအဖွဲ့တွင် ကျွန်တော်လိုက်ပါခွင့်ရရှိခဲ့သည်။ ညောင်ကန်ရွာသို့ ကြိုတင်ရောက်ရှိနေစဉ် ရက်များအတွင်း ညောင်ကန်ကျေးရွာအုပ်စု ရွာသာရွာမှ အလှူရှင် ဦးကြည်ခိုင်နှင့် ဒေါ်ချိုချိုအောင်တို့၏ သားရှင်ပြုအလှူပွဲကျင်းပသည့် စည်းခုံဘုရားသို့ ရောက်ရှိခဲ့ရာ ကျွန်တော်အလွန်တွေ့လိုခဲ့သော ဖက်စိမ်းကွမ်းတောင်ကို မြင်ခဲ့ရပါသည်။

ငှက်ပျောဖက်များကို ပိရမစ်ပုံစံ သွယ်ယှက်ကာပုံဖော်ထားပြီး ရွှေမင်သုတ်ထားသည့် ကလပ်လေးပေါ်တွင် တင်ထားသည့် ကွမ်းတောင်လေးတစ်ခုကို ရှင်လောင်းမလှည့်မီ တစ်ရက်အလိုတွင် စည်းခုံစေတီတော်ဝင်းအတွင်းမှ ဘုန်းတော်ကြီးကျောင်းပေါ်ရှိ နီးဘုရားရှေ့တွင်ချကာ ဘုရားရှင်အား ပူဇော်ထားသည်ကို တွေ့ခဲ့ရပါသည်။ မောင်ရှင်လောင်းတို့၏ အဆင်တန်ဆာများ၊ သင်္ကန်းများ၊ ထီး ၊ဖိနပ်များနှင့်အတူ ဖက်စိမ်းကွမ်းတောင်ကို မြင်တွေ့ရချိန်တွင် ဖက်စိမ်းကွမ်းတောင်မှန်း ကျွန်တော်မသိရှိခဲ့ပါ။ ကျွန်တော်နှင့်အတူ လိုက်ပါလာသည့် ရွာသာရွာမှ ဦးစိုးမြင့်အောင်က မအိမ်ကံဝတ္ထုထဲမှ ဖက်စိမ်းကွမ်းတောင်ဖြစ်ကြောင်း ကျွန်တော့်အား ပြောဆိုပြသ၊ ရှင်းပြ ခဲ့ပါသည်။

မြန်မာအဘိဓာန်ကျမ်းတွင် ကွမ်းတောင်ကို "ကွမ်းထည့်သည့်ကလပ်တစ်မျိုး၊ ကွမ်းအစ်တင်ထားသော ကလပ်တစ်မျိုး" ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ အလားတူပင် ကွမ်းတောင်ကိုင်ကို "ရှင်လောင်းလှည့်ရာတွင် ကွမ်းတောင်ကိုကိုင်၍ လိုက်ပါသည့် အမျိုးသမီး၊ အရပ်ထဲတွင် အလှဆုံး မိန်းမငယ်"ဟု အဓိပ္ပာယ်ပေးထားသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာအတိုင်း မိဘများသည် မိမိတို့၏ သားယောကျ်ားလေးများအား အရွယ်ရောက်သည်နှင့် သာသနာ့ဘောင်သို့သွတ်သွင်းကာ ရှင်ပြုကြမြဲဖြစ်သည်။ ရှင်ပြုပွဲနှင့်အတူ ရှင်လောင်းလှည့်သည့် အခမ်းအနားများကို ကျင်းပလေ့ရှိရာ ရှင်လောင်းများကို ဆင်များ၊ မြင်းများ၊ ဝေါများဖြင့် တင်ဆောင်ကာ မိဘများနှင့်အတူ မိမိတို့နေထိုင်ရာ နေရာဒေသအရပ်အတွင်း လှည့်လည်ကြသည်။ မြို့ပြရှင်လောင်းလှည့်ပွဲများတွင် မော်တော်ယာဉ်များကို အသုံးပြုကြသော်လည်း ကျေးလက်များတွင်မူ ဆင်များ၊ မြင်းများကိုပင် ယခုတိုင်သုံးစွဲနေကြဆဲဖြစ်ပေသည်။ ရှင်လောင်းလှည့်ပွဲများတွင် မောင်ရှင်လောင်းများ၏ မိဘဆွေမျိုးများက ထီး၊ ဖိနပ်၊ သင်္ကန်း စသော ပရိက္ခရာရှစ်ပါးနှင့်တကွ ကိုရင်ငယ်ကျောင်းတွင် အိပ်စက်မည့် အိပ်ရာ၊ ဖျာ၊ ခြင်ထောင်များကို ရွက်ကာ မကာဖြင့် ကျေးရွာ၊ ရပ်ကွက်များအတွင်း လှည့်လည်ကြသည်။ ထိုသို့ လှည့်လည်ရာတွင် မိန်းမပျိုလေးများက ကွမ်းတောင်ပန်းတောင်များ ကိုင်ဆောင်ကာ လိုက်ပါကြရသည်။ အများအားဖြင့် ကျေးလက်တောရွာများတွင် လှပသောမိန်းမငယ်လေးများသာ ကွမ်းတောင်၊ ပန်းတောင်ကိုင်ကြရသဖြင့် ကွမ်းတောင်ကိုင်ဟူသည့်စကားလုံးသည် အရပ်ထဲတွင် အလှပဆုံး မိန်းကလေးငယ်ဟု အဓိပ္ပာယ်တွင်လာခဲ့ပေသည်။



ရှင်လောင်းလှည့်ပွဲများမှ ကွမ်းတောင်ကိုင်မိန်းမပျိုများသည် အများအားဖြင့် ရွှေချထားသည့် ကွမ်းတောင်များ၊ ဟင်္သာရုပ်များပါသည့် ကွမ်းတောင်များကို ကိုင်ဆောင်လျက် ရှင်လောင်းလှည့်ပွဲများတွင် လိုက်ပါလေ့ရှိကြသည်။ အညာဒေသများတွင်မူ ရွှေကွမ်းတောင်ကိုင်များအပြင် ဖက်စိမ်းကွမ်းတောင်ကိုင်တစ်ဦးပါ လိုက်ပါရသည်။ ရှင်လောင်းလှည့်ပွဲတစ်ခုတွင် ဖက်စိမ်းကွမ်းတောင်ကိုင်မိန်းကလေးသည် တစ်ဦးသာ လိုက်ပါခွင့်ရှိလေရာ ဖက်စိမ်းကွမ်းတောင်ကိုင်ရမည့် ရွာခံမိန်းကလေးကို ရွာသူရွာသားများက ရွေးချယ်ထားကြရမြဲဖြစ်သည်။

ထိုမိန်းမပျိုသည် ရွာတွင်ပြုလုပ်သမျှ ရှင်ပြုပွဲများတွင် ယေဘုယျအားဖြင့် အိမ်ထောင်မကျမချင်း ဖက်စိမ်းကွမ်းတောင်ကိုင်အဖြစ် လိုက်ပါရသည်။ အိမ်ထောင်ကျသွားလျှင်ဖြစ်စေ၊ ကွယ်လွန်သွားလျှင်ဖြစ်စေ၊ တစ်ရပ်တစ်ကျေးသို့ ပြောင်းရွှေ့သွားလျှင်ဖြစ်စေ၊ ကျန်းမာရေးချို့ယွင်းသွားလျှင်ဖြစ်စေ ဖက်စိမ်းကွမ်းတောင်ကိုင် အသစ်တစ်ယောက်ကို ရွာလူကြီးများနှင့် ရွာသူရွာသားများက ရွေးချယ်ကြရသည်။

ဖက်စိမ်းကွမ်းတောင်ကိုင်ရမည့် မိန်းမပျိုသည် လှပသောမိန်းကလေးဖြစ်ရမည်။ ပစ္စည်းဥစ္စာသင့်တင့်သော မိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်ရမည်။ ထိုမိဘနှစ်ပါးသည်လည်း အပျိုလူပျို ပေါင်းဖက်ခဲ့သည့် ငယ်လင်ငယ်မယားဖြစ်ရမည်။ မိန်းမပျိုကိုယ်တိုင်သည် ရည်းစားပင်မထားဖူးသည့် နာမည်ပျက်လုံးဝမရှိသော အပျိုစင်မိန်းကလေးဖြစ်ရမည်။ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းမှုမရှိသူဖြစ်ရမည်။ ဝလွန်းသူ ပိန်လွန်းသူမဖြစ်စေရဟူသည့် သတ်မှတ်ချက်လည်း အချို့ဒေသတွင်ရှိသည်။ တစ်ရွာလုံးက ဖက်စိမ်းကွမ်းတောင်ကိုင်အဖြစ် သဘောတူညီသူဖြစ်ရန်လည်း လိုအပ်ပေသည်။

တစ်ရွာတွင် တစ်ယောက်သာ ဖြစ်ခွင့်ရှိသည့်အတွက် ရွာရှိ လုံမပျိုမိန်းကလေးတိုင်းသည် ဖက်စိမ်းကွမ်းတောင်ကိုင်ဖြစ်ရန် မျှော်လင့်ကြသည်သာဖြစ်သည်။ ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်ရရှိရေးအတွက် ရှေးလူကြီး သူမတို့အစဉ်အဆက် သတ်မှတ်ထားခဲ့ကြသည့် စံထုံးများသည် ရွာရှိ မိန်းမပျိုလေးများအား မိမိတို့၏ကိုယ်ကျင့်တရားနှင့် ဣန္ဒြေသိက္ခာကို အထူးစောင့်ရှောက်ရန် အလိုအလျောက် ထိန်းသိမ်းထားပြီးဖြစ်ပေသည်။ အညာဒေသမှ မြန်မာလူမျိုးတို့၏ လှပသိမ်မွေ့သော ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပါပေသည်။

**ဖက်စိမ်းကွမ်းတောင်ကိုင်ခွင့်ရရှိရေးအတွက် ရှေးလူကြီးသူမတို့ အစဉ်အဆက် သတ်မှတ်ထားခဲ့ကြသည့် စံထုံးများသည် ရွာရှိမိန်းမပျိုလေးများအား မိမိတို့၏ကိုယ်ကျင့်တရားနှင့် ဣန္ဒြေသိက္ခာကို အထူးစောင့်ရှောက်ရန် အလိုအလျောက် ထိန်းသိမ်းထားပြီးဖြစ်**

(ဆက်လက်ဖော်ပြပါမည်)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/3491, Daihatsu Hijet S 200 P, P/U (4 x 2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းလဲ့နွယ် ၁၂/တကန(နိုင်) ၁၄၀၈၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈/၆၂၅၁၊ ၂၇/၃၉၁၁၊ ၂၇/၆၈၀၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ကန်ထရိုက်တာ ဦးလှဝင်း ၁၂/မဂတ(နိုင်)၀၇၁၁၆၂ (TRUE Construction) နှင့် ဆက်နွယ်ပတ်သက်သူ အများသိရှိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃၤန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၃၂/ခ)နေ ဒေါ်ခင်မြ ၁၂/သဃက(နိုင်)၁၀၁၀၀၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မြနှင့် ကန်ထရိုက်တာ ဦးကျော်မြင့်(အောင်ရတနာသိမ်းဆောက်လုပ်ရေး)တို့သည် ၃၀-၉-၂၀၁၃ရက်စွဲပါ စာချုပ်အရ မြေရှင်ဒေါ်ခင်မြပိုင်ဆိုင်သည့် မြေကွက်ပေါ်တွင် တစ်ခန်းတွဲသုံးထပ်ခွဲတိုက်ခန်းများကို ဆောက်လုပ်ရန်အတွက်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ထိုသို့စာချုပ်ချုပ်ဆိုပြီးနောက် ဦးကျော်မြင့်မှ စာချုပ်ပါအတိုင်း တိုက်ခန်းများဆောက်လုပ်ခဲ့သော်လည်း အကြမ်းထည်လုပ်ငန်းများအထိသာ ဆောက်လုပ်ခဲ့ပြီးနောက်၊ စာချုပ်ပါသက်တမ်းစေ့ရောက်သည့် ၃၀-၉-၂၀၁၄ရက်မှစ၍ ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့သည့်အပြင် မြေရှင်ဒေါ်ခင်မြနှင့်လည်း လုံးဝအဆက်အသွယ်မလုပ်တော့ကြောင်း သိရှိရပါသည်။ ထို့နောက် ဦးကျော်မြင့်၏ သားဖြစ်သူ ဦးလှဝင်း (TRUE Construction)မှ ၎င်း၏ဖခင်ကိုယ်စား ဆက်လက်ဆောက်လုပ်ပေးမည်ဟု ယုံကြည်အောင်ပြောဆိုပြီး ၁၀-၁၂-၂၀၁၄ရက်စွဲပါ စာချုပ်ချုပ်ဆိုကာ ရက်(၄၀)အတွင်း အပြီးအစီးဆောက်လုပ်ပေးပါမည်ဟု စာချုပ်ချုပ်ဆိုခဲ့သော်လည်း စာချုပ်ပါအတိုင်း ဆက်လက်၍ ဆောက်လုပ်ပေးခြင်းမရှိခဲ့သည်မှာ ငါးလခန့်ကျော်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် မြေရှင်ဒေါ်ခင်မြ၌ နစ်နာဆုံးရှုံးမှုများရှိခဲ့ရသည့်အတွက် ၃၀-၉-၂၀၁၃ရက်စွဲပါ စာချုပ်နှင့် ၁၀-၁၂-၂၀၁၄ရက်စွဲပါ မြေရှင်နှင့်ကန်ထရိုက်တို့ ချုပ်ဆိုခဲ့သည့်စာချုပ် နှစ်စောင်လုံးအား ပယ်ဖျက်ကြောင်းနှင့် ကန်ထရိုက်တာများထံမှ ကြိုပွဲငွေ့စနစ်ဖြင့် ဝယ်ယူထားသူများအတွက် ကန်ထရိုက်တာနှင့်သာ ဖြေရှင်းကြရန်နှင့် မြေရှင်နှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ဆက်လက်၍ ကန်ထရိုက်တာများအပေါ် မြေရှင်ဘက်မှ နစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းကြေညာအပ်ပါသည်။

**ဒေါ်ခင်မြ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းရွှေ B.A, H.G.P, RL တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၆၂/၃)၊ ကမာကြည်လမ်း၊ သုဝဏ္ဏမြို့၊ ဖုန်း-၀၉-၇၃၀၀၅၂၆၇**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ယ/၉၀၀၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၁၀/သထန(နိုင်)၂၀၄၉၃၇က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၇၅၄၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၁၀/ဘလန(နိုင်) ၁၁၉၀၉၆က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃၤန်းကျွန်း မြို့နယ်၊ ရန်ကုန်သစ် ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ် (၁၅) ပေါ်တွင် ဆောက်လုပ်ထားသော ( ၂ ) ခန်းတွဲ ( ၅ ) ထပ်တိုက်၏ ခေါင်းရင်းခန်း အကျယ်အဝန်း(၁၁ ပေ × ၅၅ပေ ) ရှိ (၄လွှာ)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလှကျော် (၁၂/တမန (နိုင်)၀၉၁၁၂၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
|---|---|
| LL.B, D.B.L, D.I.L, Dip.CA, WIPO | LL.B, D.B.L, D.I.L, D.M.L, WIPO |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |

**Hein Htet San Law Firm**

အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဦးကြည်မောင် ၁၂/လမန(နိုင်)၀၆၂၀၂၉-ဒေါ်စန်းမြင့် ၁၂/လမန(နိုင်)၀၈၅၈၀၅တို့၏ သမီး မစန်းစန်းအေး ၁၂/လမန(နိုင်)၀၀၅၀၈၀သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးကြည်မောင်-ဒေါ်စန်းမြင့်**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန် ၇ လမ်း၊ အမှတ် ၁၀ ဟုခေါ်တွင်သော ဧရိယာအကျယ် Total Sq-ft-708ft[2] ရှိသောမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်သူ ဒေါ်အေးအေးမြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ အပြီးအပိုင်ရောင်းချလိုကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်နိုင်စိုး LL.B**
**အထက်တန်းရှေ့နေ**
**စဉ်-၄၀၀၁၉**
**အမှတ် ၈၅၅၊ အောက်မင်္ဂလာဒုံ ၁ လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၇၅၄၉၄၆၊ ၀၉-၉၇၂၉၁၂၉၇၅**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် ဆေးနှင့်ဆေးဝါးပစ္စည်းများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးဝါးပစ္စည်းများ အသေးစိတ်စာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၅ရက် ညနေ ၄း၃၀နာရီ

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

---

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းအတွက် တင်ဒါပုံစံများဝယ်ယူ၍ အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ သိမ်ဖြူကမ်းနားဒေသတွင် ခေတ်မီဘက်စုံသုံး ဆိပ်ခံတံတားနှင့် ဆိပ်ကမ်းအထောက်အကူပြု အဆောက်အအုံများကို BOT စနစ်ဖြင့် အကောင်အထည်ဖော်တည်ဆောက်ကာ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်းလုပ်ငန်း**

၂။ အထက်ဖော်ပြပါ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းအတွက် သတ်မှတ်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ရင်းနှီးမြှုပ်နှံလိုသည့် မြန်မာနိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင် ကုမ္ပဏီ/အဖွဲ့အစည်းများမှ တရားဝင်ကိုယ်စားလှယ်များက ဝယ်ယူခွင့်ရှိသည်။

၃။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းများကို တစ်စုံလျှင် အမေရိကန်ဒေါ်လာ ၅၀၀နှုန်းဖြင့် ၁၄-၅-၂၀၁၅ရက်မှ ၂၉-၅-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ တတိယထပ်၊ မြို့ပြအင်ဂျင်နီယာဌာနတွင် ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၃၃၅၈၊ ၀၁-၃၈၇၁၁၆(လိုင်းခွဲ-၃၀၅) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# (ကြေညာချက်)

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ရှိ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ တွဲဖက်မြင့်မားလာသည့် ဝန်ဆောင်မှုလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ကမ်းလွန်အခြေစိုက်စခန်းများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အဆိုပါကမ်းလွန်အခြေစိုက်စခန်းများနှင့် ဆက်စပ် လုပ်ငန်းများတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအနေဖြင့် ၂၅-၅-၂၀၁၅ ရက်မှ ၁၂-၆-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်းတွင် ကြိုတင်ရက်ချိန်းရယူ၍ လာရောက်ဆွေးနွေးနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်** (၁) **ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**
**ဖုန်း-၉၅-၆၇-၄၁၁၀၅၅၊ ၉၅-၆၇-၄၁၁၀၅၆**
**ဖက်(စ်) ဖုန်း-၀၆၇-၄၁၁၁၂၅**
**email - mogemd@energy.gov.mm**

(၂) **အထွေထွေမန်နေဂျာ(သာကေတကမ်းလွန်အခြေစိုက်စခန်း)**
**ဖုန်း-၉၅-၁-၅၄၂၇၃၂**
**ဖက်(စ်)-၉၅-၁-၄၅၀၄၅၄**
**email - mogegmtka@energy.gov.mm**

---

# INVITATION FOR OPEN TENDER (3/2015)
# TENDER NO. MPPE/JET A1/T/1 (2015-2016)

1. Open Tender is invited for the Myanma Petroleum Products Enterprise, the Ministry of Energy for the supply of JET A1 (282,000 bbl ± 10%)
2. Tender Closing Date & Time - 26-5-2015, 12:00Hrs
3. Tender Opening Date & Time - 26-5-2015, 13:00Hrs
4. Delivery Time - 1st July 2015 to 31st October 2015
5. Tender documents and details are available at the Department of Finance, the Myanma Petroleum Products Enterprise, Nay Pyi Taw, during office hours commencing 11-5-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000.) per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy, No (6) Complex, Nay Pyi Taw**
**Contact Phone No.**
**067-411487/411486/411280**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆၊ (လိုင်းခွဲ-၃၃၃၃)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မိတ္ထီလာစီးပွားရေးတက္ကသိုလ်
# ပါရဂူ(Ph.D)သင်တန်းသားများ ခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။
(က) ဘောဂဗေဒ
(ခ) ဝါဏိဇ္ဇဗေဒ
(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။
(က) ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၁၅ခုနှစ် ဇွန် ၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ်တက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**
(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ။) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်းသက်ဆိုင်ရာဌာန အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**
(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့တန်းအောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာလက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**
အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ(၃)မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။
(က) ၁၆-၅-၂၀၁၅ရက် (စနေနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ သက်ဆိုင်ရာဘာသာရပ်
(ခ) ၁၇-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၂၃-၅-၂၀၁၅ရက် (စနေနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း ဖုန်း-၀၆၄-၃၉၂၇၈ ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**(အေးဇော်)**
**မော်ကွန်းထိန်း**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သောဓာတ်အားခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## ရတနာပုံတက္ကသိုလ်
## စာကြည့်တိုက်နှင့် သုတပညာဘွဲ့လွန်ဒီပလိုမာ
## (Post-Graduate Diploma in Library and Information Studies)
# သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ရတနာပုံတက္ကသိုလ်တွင် စာကြည့်တိုက်နှင့် သုတပညာဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Library and Information Studies) သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ အထက်ပါသင်တန်းကို အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဃ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် အထက်တာဝန်ရှိသူ၏ အချိန်ပြည့်တက်ရောက်ရန် ခွင့်ပြုချက်တင်ပြနိုင်သူဖြစ်ရမည်။

၃။ ရတနာပုံတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် ၂၅-၅-၂၀၁၅ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ရတနာပုံတက္ကသိုလ်၊ စာကြည့်တိုက်နှင့် သုတပညာဌာန ဖုန်း-၀၉-၄၀၂၇၅၇၅၀၀၊ ၀၉-၄၉၃၃၅၂၅၁တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ခင်မောင်လွင်)**
**လ/ထမော်ကွန်းထိန်း**
**ကျောင်းသားရေးရာဌာန၊ ရတနာပုံတက္ကသိုလ်**

---

## အကောက်ခွန်ဦးစီးဌာန
# ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် Mobile Team(2) တို့မှ တားဆီးထားရှိပြီး လေလံအဆင့်ရောက် ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင် လေလံဆွဲဝယ်ယူရန် အသိပေးကြေညာအပ်ပါသည်-
(က) **ပစ္စည်းအမျိုးအမည်** - လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် မော်တော်ယာဉ်သုံးအပိုပစ္စည်းများ။
(ခ) **နေ့ရက်/အချိန်** - ၁၉-၅-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀ နာရီ
(ဂ) **နေရာ** - အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း (ယခင်မြန်မာ့သစ်လုပ်ငန်း ပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ
(ဃ) **လေလံပုံစံရောင်းချခြင်း** - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့်လေလံပစ္စည်းစာရင်းများ) တစ်စုံလျှင် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၁၄-၅-၂၀၁၅ ရက်နှင့် ၁၅-၅-၂၀၁၅ ရက်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများ၊ လေလံအတွဲစာရင်းနှင့် လေလံစည်းကမ်းချက် ဝယ်ယူလိုသူများသည် အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း(ယခင်မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ဖုန်း-၀၁-၂၂၇၅၃၁ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

---

# အများသိစေရန်ကြေညာခြင်း

သပြေသုခ ဆောက်လုပ်ရေးကုမ္ပဏီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ၂၃-၁၁-၂၀၁၁ ရက်မှ မှတ်ပုံတင်ပြီး နေပြည်တော်တွင် အခြေစိုက်ရုံးဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

သပြေသုခ ဆောက်လုပ်ရေးကုမ္ပဏီ၏အမည်အား အလွဲသုံးစားပြု၍ သပြေသုခ ဆောက်လုပ်ရေးကုမ္ပဏီအမည်ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့အား တွေ့ရှိသိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**သပြေသုခဆောက်လုပ်ရေးကုမ္ပဏီ**

## ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ် (၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၁၇-၅-၂၀၁၅ရက် ကဆုန်လကွယ်နေ့မှ ၂၉-၅-၂၀၁၅ရက် နယုန်လဆန်း ၁၂ရက်အထိ ၁၂ရက်၊ တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားမြောက် ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီး၌ ၂၈-၅-၂၀၁၅ရက်မှ ၃-၆-၂၀၁၅ရက်အထိ ခုနစ်ရက်အချိန်ပိုင်း တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင်) ဒီဃနိကာယဓမ္မာစရိယ၊ သာသနဇောတိကဓဇ(ဓမ္မာစရိယ)၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသောအာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့** ဖုန်း-၀၉-၇၀၇၇၃၂၈၊ ၀၉-၄၂၁၁၇၂၃၁၊ ၀၉-၄၂၀၀၀၉၈၇၃၊ ၀၉-၅၀၀၉၄၃၃

**ပခုက္ကူဓမ္မာရုံ အကျိုးဆောင်အဖွဲ့** ဖုန်း-၀၉-၅၀၇၇၃၂၈၊ ၃၈၃၅၁၁

## ပညာဘူမိ၌
## အဘိဓမ္မာ၊ ဋီကာ၊ ဝိသုဒ္ဓိမဂ်သင်တန်းများဖွင့်နေပြီ

